# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရားမှ မဆုတ်ယုတ်**

တရားလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန်အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်။

ဘိက္ခုဝဂ် (ဓမ္မပဒ-၃၆၄)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက် | ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ပြင်ဦးလွင် - ဇီးပင်ကြီး မီးရထားလမ်းပိုင်းအား စီးနင်းလိုက်ပါကြည့်ရှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ ဘူတာကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် မေ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁*❄


**ယနေ့** ဖတ် စ ရာ


ပြည်ပမှ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ — ပြည်တွင်းသတင်း | စာ - ၇

ကျန်းမာဖွံ့ဖြိုး အာဟာရ တိုးဖို့ ပဲမျိုးစုံကို တိုးစားစို့ — ဆောင်းပါး | စာ - ၁၁

ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးနဲ့ နိုင်ငံရေး — ဆောင်းပါး | စာ - ၁၆

# မြန်မာ့ကော်ဖီ ကမ္ဘာ့ဈေးကွက်သို့

မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှုသမိုင်းသည် မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ခဲ့ရသည့် ၁၈၈၅ ခုနှစ်တွင် စတင်ခဲ့ရာ နှစ်ပေါင်း ၁၄၀ နီးပါး ရှည်ကြာခဲ့ပြီ ဖြစ်သည်။ ဦးစွာ Robusta ကော်ဖီမျိုးကို တနင်္သာရီတိုင်းအတွင်း မြိတ်၊ ထားဝယ်ဒေသများတွင် စိုက်ပျိုးခဲ့ကြခြင်းဖြစ်ပြီး ၁၉၃၀ ပြည့်နှစ်သို့ ရောက်သောအခါမှသာ Arabica ကော်ဖီမျိုးကို ပြင်ဦးလွင်၌ စတင်စိုက်ပျိုးလာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်သည့်အတွက် ပြင်ဦးလွင်၏ ကော်ဖီစိုက်ပျိုးမှုသက်တမ်းမှာ နှစ်ပေါင်း ၉၀ ကျော်ခဲ့ပြီဖြစ်ရာ ရာပြည့်တန်းသို့ဝင်လာပြီဟု ဆိုရမည်ဖြစ်သည်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ကော်ဖီသောက်သုံးမှုတို့ ကမ္ဘာတွင်ရော အာရှတွင်ပါ တိုးတက်များပြားလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့်လည်း ရည်မှန်းချက်ဖြစ်သည့် ကမ္ဘာ့ကော်ဖီဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ ဈေးကွက်ဝေစု အခိုင်အမာရရှိရေး အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်တွင်းသောက်သုံးမှုတို့မှာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် နည်းပါးနေသေးသော်လည်း အနာဂတ်အတွက် ဈေးကွက်အလားအလာကောင်းများရှိကြောင်း သုံးသပ်မှုများလည်းရှိနေရာ မဖြစ်မနေ အားထုတ်ဆောင်ရွက်နိုင်သည်နှင့်အမျှ ပြည်တွင်း၌ရော ပြည်ပတွင်ပါ မြန်မာ့ကော်ဖီနေရာရလာမည်ဖြစ်သည်။

"ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးမြင့် ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လိုအပ်သည့် အရင်းအနှီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အမှန်တကယ်အောင်မြင်ပြီး မြန်မာ့ကော်ဖီ (Myanmar coffee Brand) ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း"ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့် မေ ၁၀ ရက်က တွေ့ဆုံရာ၌ ပြောကြားခဲ့ရာ နိုင်ငံတော်၏ ကူညီပံ့ပိုးမှု အားများနှင့် လုပ်ငန်းရှင်တို့၏ ကြိုးပမ်းအားထုတ်မှုတို့ ပေါင်းစပ်ကာ ရည်မှန်းချက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက်ရော လုပ်ငန်းရှင်တို့အတွက်ပါ အကျိုးများစွာ ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ ၂၀၁၆ ခုနှစ် စာရင်းဇယားအရ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုသည် ၈၄၇၄ တန်ဖြင့် ကမ္ဘာ့အဆင့် ၃၉ တွင် ရှိနေခဲ့သည်။ မြန်မာ့ကော်ဖီ၏ အနံ့အရသာ အရည်အသွေးမှာ မနိမ့်ကျဘဲ မျက်နှာပန်းလှသည့် အဆင့်အတန်းတွင်ရှိနေရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် သုတေသနပြုမှုနှင့် အရည်အသွေးထိန်းသိမ်းမှုတို့ ပြုလုပ်ခြင်း၊ သဘာဝမြေဩဇာ သက်သက်ကိုသာ အသုံးပြုခြင်းဖြင့် မြန်မာ့ကော်ဖီ၏ ဝိသေသလက္ခဏာကို ကမ္ဘာသို့ ပြသနိုင်မည်ဖြစ်သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းကျဆင်းလာခြင်းနှင့်အတူ လေကြောင်းပျံသန်းမှုများ ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်ရာ ပြည်ပခရီးသည်များလည်း မြန်မာနိုင်ငံသို့ ဝင်ရောက်လျက်ရှိနေပြီ ဖြစ်သည်။ နိုင်ငံအတွင်းရှိ အချက်အချာကျသောနေရာများတွင် မြန်မာ့ကော်ဖီသီးသန့်ဆိုင်များ ဖွင့်လှစ်ခြင်းမှ အစပြုကာ ပြည်ပနိုင်ငံများသို့ပါ ဆက်လက်ခြေဆန့်သွားခြင်းဖြင့်လည်း ကမ္ဘာ့ကော်ဖီဈေးကွက်တွင် မြန်မြန်ဆန်ဆန် ခရီးပေါက်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေ ဆွေးနွေး

နေပြည်တော် မေ ၁၉

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်အညီ ဆောင်ရွက်နေမှု၊ ဆက်လက် ဆောင်ရွက်မည့် အခြေအနေနှင့် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်း၍ စစ်ဆေး ဆောင်ရွက်နေမှုတို့ကို မေးမြန်းသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ မဲဆန္ဒရှင်စာရင်းများ ပြုစုခြင်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နိုင်ငံရေးပါတီများအား စစ်ဆေးဆောင်ရွက်နေမှုနှင့် တရုတ်-မြန်မာနှစ်နိုင်ငံ ချစ်ခင်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

## ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တွင် ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်ပြီး တက်ရောက်ခွင့်ရရှိသူများ ပထမနှစ်သင်တန်း (ပထမနှစ်ဝက်)၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက်ရောက်ဆဲပထမနှစ် သင်တန်း(ဒုတိယနှစ်ဝက်)နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများအားလုံးကို ၁၂-၅-၂၀၂၂ ရက် (ကြာသပတေးနေ့)မှစ၍ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၊ ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများ စာရင်းကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ website ဖြစ်သော www. uvsyezin.edu.mm တွင် ကြေညာထားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း - ၀၆၇-၃၄၁၆၆၅၉ ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**

# အီး-အာဆီယံ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် ကျင်းပမည်

နေပြည်တော် မေ ၁၉

ထိုင်းနိုင်ငံ ချင်းမိုင်တက္ကသိုလ်မှ တက္ကသိုလ်လူမှုရေးရာ ပူးပေါင်းဆောင်ရွက်မှုအသင်း (ထိုင်းနိုင်ငံ)(Association for University Social Engagement Thailand- EnT)၊ U2T အစီအစဉ်၊ အဆင့်မြင့်ပညာ၊ သိပ္ပံ၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာဝန်ကြီးဌာနတို့နှင့်အတူ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် အီး-အာဆီယံ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ် (E-ASEAN Youth Volunteer Programme -E-AYVP) ကို ၂၀၂၂ ခုနှစ် ဇွန် ၂၇ ရက်မှ ဇူလိုင် ၈ ရက်အထိ Online မှတစ်ဆင့် **"ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှု လျှော့ပါးရေး (Community Development and Poverty Eradication)"**ခေါင်းစဉ်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

အီး-အာဆီယံ စေတနာ့ဝန်ထမ်းလူငယ်အစီအစဉ်သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ အပေါင်း(၃)နိုင်ငံများမှ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်၍ စေတနာ့ဝန်ထမ်းအတွေ့အကြုံ၊ ခေါင်းဆောင်မှုအတွေ့အကြုံနှင့် စွမ်းရည်ရှိပြီး ရပ်ရွာပြည်သူလူထုအတွက် ကူညီဆောင်ရွက်ပေးရန် စိတ်ပါဝင်စား၍ ရပ်ရွာအတွက်အကျိုးပြုမည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှု လျှော့ပါးရေးလုပ်ငန်းအစီအစဉ်များကို ရေးသား/ဆောင်ရွက်နိုင်သော အသက် (၁၈)နှစ်မှ (၃၀)နှစ် အတွင်းရှိ လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်နိုင်ပြီး အစီအစဉ်နှင့် ပတ်သက်၍ သိရှိလိုသည်များကို Facebook စာမျက်နှာဖြစ်သည့် www.facebook.com/AYVPUKM သို့မဟုတ် www.ayvpukm.com.my တွင် ဝင်ရောက်ကြည့်ရှု၍ ၂၀၂၂ ခုနှစ် မေ ၃၀ ရက် နောက်ဆုံးထားကာ http://ayvpukm.com.my မှတစ်ဆင့် လျှောက်ထားနိုင်သည်။

အဆိုပါ အစီအစဉ်နှင့် ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက လူငယ်ရေးရာဦးစီးဌာန၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၃၁၃၉၄၇၊ ၀၉-၇၇၇၃၃၃၅၄၅၊ ၀၉-၄၂၅၃၂၅၁၃၃ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

*ရှေ့ဖုံးမှ*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်ဘူတာကြီးမှ ပြင်ဦးလွင် – အနီးစခန်း – သုံးတောင် – ဇီးပင်ကြီး မီးရထားခရီးစဉ်အဖြစ် ဇီးပင်ကြီးဘူတာသို့ လိုက်ပါစီးနင်းစဉ်။

### ပြင်ဦးလွင်ဘူတာရုံအဆောက်အဦသည် ရှေးဟောင်းအဆောက်အဦဖြစ်သဖြင့် ရှေးမူမပျက်ထိန်းသိမ်း၍ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်လိုအပ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ဘူတာကြီးသို့ ရောက်ရှိကြရာ ကောင်စီအဖွဲ့ဝင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဘူတာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘူတာအတွင်း အပြင် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုသည့် အခြေအနေ၊ ပြင်ဦးလွင်ဘူတာရုံ အဆောက်အဦသည် ရှေးဟောင်းအဆောက်အဦဖြစ်သဖြင့် ရှေးမူမပျက်ထိန်းသိမ်း၍ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်လိုအပ်သည့် အခြေအနေ၊ ရထားတွဲများနှင့် ရထားသံလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

### ပြင်ဦးလွင်–အနီးစခန်း–သုံးတောင်–ဇီးပင်ကြီး မီးရထားလမ်းပိုင်းအား ရထားစီးနင်းလိုက်ပါ ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ဘူတာကြီးမှ ပြင်ဦးလွင်–အနီးစခန်း–သုံးတောင်–ဇီးပင်ကြီး မီးရထားခရီးစဉ်အဖြစ် ဇီးပင်ကြီးဘူတာသို့ လိုက်ပါစီးနင်းခဲ့ပြီး မီးရထားလမ်းကြောင်းတစ်လျှောက် တောင်ပေါ်အပန်းဖြေမြို့၊ ပြင်ဦးလွင်ဒေသ၏ အေးမြပြီး သာယာလှပသည့် ရေမြေတောတောင်သဘာဝရှုခင်းများ၊ စိမ်းလန်းစိုပြည်သည့် ရာသီသီးနှံစိုက်ခင်းများ၊ ဒေသခံပြည်သူလူထုတို့၏ လှုပ်ရှားသွားလာနေမှုများကိုကြည့်ရှုသည်။ ထို့နောက် မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် မီးရထားအပန်းဖြေခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရထားလမ်းများနှင့် ရထားတွဲများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေ၊ မီးရထားလမ်းကြောင်းတစ်လျှောက် သန့်ရှင်းသာယာလှပ၍ မျက်စိပသာဒဖြစ်အောင် ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

အဆိုပါ ပြင်ဦးလွင်ဘူတာကြီးသည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇)၊ အောင်ဇေယျလမ်းတွင် တည်ရှိပြီး ၁၈၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၀၆ ပေတွင်ရှိ၍ မန္တလေး–ပြင်ဦးလွင်–နောင်ချို–သီပေါ–လားရှိုး မီးရထားလမ်းပိုင်းပေါ်တွင် တည်ရှိကာ ဒေသခံပြည်သူတို့၏ ခရီးသွားလာရေးနှင့် ကုန်စည်စီးဆင်းမှုများကို အထောက်အကူများစွာ ဖြစ်စေခဲ့သည့် နှစ်ပေါင်း ၁၂၃ နှစ်ရှိပြီဖြစ်သည့် မီးရထားဘူတာကြီးတစ်ခုလည်းဖြစ်သည်။ ဘူတာရုံအဆောက်အဦနှင့် အပြင်အဆင်ပိုင်းအားလုံးကို ရှေးမူလက်ရာမပျက်သာ ထိန်းသိမ်းထားရှိကာ ဘူတာရုံဧည့်ခန်းအတွင်း မီးရထားနှင့် ပတ်သက်သည့် ဓာတ်ပုံသမိုင်းမှတ်တမ်းများကိုလည်း ချိတ်ဆွဲပြသထားရှိသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဇီးပင်ကြီးဘူတာသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်အတွင်းရှိ ပြင်ဦးလွင်ဘူတာ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်ဘူတာသို့ရောက်ရှိရာ ဘူတာဧည့်ခန်း၌ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဘူတာကို ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမွမ်းမံထားမှု အခြေအနေ၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းလိုင်းခန်းများ တည်ဆောက်ထားမှု၊ အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဘူတာယာဒ်ဝန်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ဘူတာဧည့်ခန်းအတွင်းရှိ ရှေးဟောင်းဓာတ်ပုံများ ပြုပြင်တပ်ဆင်ပြီးစီးမှု၊ ပြင်ဦးလွင်ဘူတာ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ စကြံပလက်ဖောင်းကြမ်းခင်းကွန်ကရစ်ခင်းခြင်းဆောင်ရွက်ထားရှိမှုနှင့် ဘူတာရှေ့ ကားရပ်နားနေရာ ကတ္တရာလမ်းထပ်ပိုးလွှာခင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံး၌ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ထို့နောက် ဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးအတွင်းရှိ ယာဉ်မောင်းလိုင်စင်ဌာန၊ ယာဉ်စစ်ဆေးရေးဌာန၊ ယာဉ်မှတ်ပုံတင်ဌာနတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံး၌ ယာဉ်လုပ်ငန်းလိုင်စင် မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဝန်ထမ်းများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသည့် စတော်ဘယ်ရီစိုက်ခင်းများကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နတ်တလင်းမြို့နယ်၌ အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**နတ်တလင်း ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဧပြီ ၁၈ ရက် နံနက်ပိုင်းက သက်ဆိုင်ရာ ဆေးထိုးစုရပ်များအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာ ဆေးထိုးစုရပ်များအလိုက် အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း ဒေသခံပြည်သူစုစုပေါင်း ၁၀၂၀ အား ကိုဗစ်–၁၉ ကာကွယ်ဆေး (Sinovac) ထိုးနှံပေးခဲ့ကြောင်း သိရသည်။

နတ်တလင်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှဝန်ထမ်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Mandalay Coffee Group(MCG) စက်ရုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ပြင်ဦးလွင် ကော်ဖီဥယျာဉ် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

## မြန်မာနိုင်ငံမှ ထွက်ရှိသည့် မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို တစ်ကမ္ဘာလုံးက လက်ခံကြိုက်နှစ်သက်ပြီး အားပေးရသည်အထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားရမည်

**နေပြည်တော် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံကော်ဖီအသင်း(Myanmar Coffee Association)နှင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ ကော်ဖီအသင်း (Myanmar Coffee Association) သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ ကော်ဖီအသင်းနာယကနှင့် Mandalay Coffee Group(MCG)၏ Director ဖြစ်သူ ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ကော်ဖီစိုက်ပျိုးမှု၊ သီးခြမ်းကြိတ်ခွဲမှုမှ ကော်ဖီထုတ်လုပ်ပုံအဆင့်ဆင့်၊ ပျိုးပင်များပျိုးထောင်ဆောင်ရွက်မှု၊ ကော်ဖီအရသာနှင့် အရည်အသွေးထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်နေမှု၊ Grade အလိုက် ခွဲခြား၍ သိုလှောင်ထားပြီး ဝယ်ယူသူလက်ဝယ်သို့ ရောက်ရှိအောင် ဖြန့်ဝေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကော်ဖီဓာတ်ခွဲခန်းအတွင်း ကော်ဖီအရည်အသွေး အနံ့အရသာ စမ်းသပ်ဆောင်ရွက်ထားမှုကို ကြည့်ရှုလေ့လာစဉ်။

- **မိမိတို့နိုင်ငံတွင်စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်လျက်ရှိ**
- **စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာကဲ့သို့သော သွင်းအားစုများကို မွေးမြူရေးမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများ၊ သဘာဝမြေဩဇာများ၊ စိုက်ပျိုးရေးစွန့်ပစ်ကုန်များမှ ထုတ်လုပ်၍ အသုံးချနိုင်ရေး လုပ်ဆောင်နိုင်ရမည်**

ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ Video Clip များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာ့ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး တင်ပြဆွေးနွေးသည်။

**မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို ကမ္ဘာသို့ ထိုးဖောက်နိုင်ရေး ဆွေးနွေးပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံမှ ထွက်ရှိသည့် မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို တစ်ကမ္ဘာလုံးက လက်ခံကြိုက်နှစ်သက်ပြီး အားပေးရသည်အထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ သကြ်န်မတိုင်မီကာလတွင် ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း၊ ထိုသို့ တွေ့ဆုံစဉ် ၎င်းတို့ တင်ပြချက်များတွင် ပါဝင်သည့် ကော်ဖီ Association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကော်ဖီစိုက်လုပ်ငန်းရှင်များ ပူးပေါင်း၍ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းပေးပြီး ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ဖြစ်နိုင်သည်မှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်ဖြစ်စေရေးအတွက် ထုတ်လုပ်ပုံနှင့် ထုပ်ပိုးမှု စနစ်တကျရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးအတွက် လိုအပ်သည့် မြေဩဇာကဲ့သို့သော သွင်းအားစုများကို မွေးမြူရေးမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများ၊ သဘာဝမြေဩဇာများ၊ စိုက်ပျိုးရေးစွန့်ပစ်ကုန်များမှ ထုတ်လုပ်၍ အသုံးချနိုင်ရေး လုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး တိုင်းပြည်အတွက်လည်း ဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး အခြားသိရှိလိုသည်များနှင့် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကော်ဖီဓာတ်ခွဲခန်းအတွင်း ကော်ဖီအရည်အသွေးအနံ့အရသာ စမ်းသပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် Mandalay Coffee Group(MCG) စက်ရုံအတွင်း လှည့်လည်၍ အရည်အသွေးခွဲခြားခြင်း၊ အခြောက်ကြိတ်ခွဲခြင်း၊ အဆင့်လိုက်သိုလှောင်ခြင်း ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုလေ့လာသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Mandalay Coffee Group(MCG) စက်ရုံအတွင်း ကော်ဖီအရည်အသွေးခွဲခြားနေမှုကို ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်ကော်ဖီဥယျာဉ်အတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

**ပြင်ဦးလွင်ကော်ဖီဥယျာဉ်(Pyin Oo Lwin Coffee Park) ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး**

ထို့နောက် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်)အား ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းနှင့် တာဝန်ရှိသူများက ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) သမိုင်းကြောင်း၊ ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ဥယျာဉ်အတွင်း စိုက်ပျိုးထားရှိသည့် ကော်ဖီမျိုးများနှင့် အရည်အသွေးလက္ခဏာများ၊ မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association) နှင့် ပူးပေါင်း၍ ကော်ဖီနည်းပညာပြန့်ပွားရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီမျိုးများကို စိုက်ပျိုးရာတွင် မျိုးအမျိုးအပြား ဆောင်ရွက်မည့်အစား လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်တောင်သူများ အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးတည်ငြိမ်ပြီး ဈေးနှုန်းခိုင်မာသင့်တင့်သည့် မျိုးများကို ရွေးချယ်ဆောင်ရွက်ကြရန် လိုကြောင်းနှင့် လေ့လာသူများကိုလည်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားလာစေရေး စနစ်တကျ လမ်းညွှန်ရှင်းလင်းပြသရန်လိုကြောင်း၊ ပြင်ဦးလွင်ကော်ဖီဥယျာဉ်အနေဖြင့် ကော်ဖီစိုက်လုပ်ငန်းရှင်များကို အကျိုးဖြစ်ထွန်းစေနိုင်မည့် အကြံဉာဏ်များကိုပေးနိုင်ရမည်ဖြစ်ပြီး မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ကော်ဖီဥယျာဉ်အတွင်း ဆောင်ရွက်ထားရှိမှု အခြေအနေများ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**“ကော်ဖီမျိုးများကို စိုက်ပျိုးရာတွင် မျိုးအမျိုးအပြား ဆောင်ရွက်မည့်အစား လုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်တောင်သူများ အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးတည်ငြိမ်ပြီး ဈေးနှုန်းခိုင်မာသင့်တင့်သည့် မျိုးများကို ရွေးချယ်ဆောင်ရွက်ကြရန် လိုကြောင်းနှင့် လေ့လာသူများကိုလည်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားလာစေရေး စနစ်တကျ လမ်းညွှန်ရှင်းလင်းပြသရန်လို”**

# စာရေးခြင်းနှင့်ပတ်သက်၍

❐ ဗညားကျန်းထော ❐

"လောကသည် မိမိအတွက် မဟုတ်။
မိမိသည်သာ လောကအတွက် ဖြစ်စေရမည်ဟူသော ကောင်းမြတ်သည့် ရည်ရွယ်ချက်ဖြင့် အလုပ်လုပ်သောလူများကို နတ်လူသာခု ခေါ်ကြမည်။"

**စာရေးဆရာကြီး ဦးရွှေအောင် (၁၉၂၈-၁၉၉၄)**

**သတင်းခေတ်**

ယနေ့ခေတ်ကို သတင်းခေတ်ဟု အချို့က ခေါ်ဝေါ်နေကြပေသည်။ သတင်းက ထမင်းထက်ပင် အသက်ရှင်ရေး အသက်မသေဘဲ ရှင်သန်ရေးအတွက် တစ်ခါတစ်ရံ အရေးပါနေပါသေးသည်။ သတင်းမသိလိုက်သဖြင့် အိုက်မိကာ ချေမှုန်းခြင်းခံရသော တပ်များအကြောင်း သာဓကပြစရာ ဖြစ်ရပ်တွေ များစွာရှိပေသည်။

သတင်းရထားသဖြင့် လက်ဦးမှုရယူကာ စစ်ဦးဘီလူးတိုက်ခိုက်နိုင်လိုက်သဖြင့် မိမိတို့ဘက်က အောင်ပွဲရသော တိုက်ပွဲများလည်း ဥပမာပြစရာတွေ မနည်းလှပေ။ သတင်းစုံစွာရသူ၏ လက်ထဲမှာ အခြေအနေ ဖန်တီးနိုင်စွမ်းရှိ၏။ သတင်းများများရရှိကာ အချက်အလက်များစွာ သိရှိထားသူက မသိနားမလည်စွာ ယောင်ဝါးဝါးနှင့် စိတ်လှုပ်ရှားမှုနှင့် ခံစားချက်နောက်လိုက်ပါသော ရွေးချယ်ဆုံးဖြတ်ချက်၊ လုပ်ဆောင်ချက်များနှင့် အလွဲလွဲအချော်ချော် ဖြစ်နေသူအပေါ် အနိုင်ယူလေ့ရှိသည်မှာ ဘာမှမဆန်းပါချေ။

သတင်းအချက်အလက်ကပင် အနိုင်အရှုံးအတွက် အဖြေထွက်စေတတ်လေသည်။ စစ်ရေးစစ်ရာသဘောမှာတော့ တိုက်စစ်ဖြစ်စေ၊ ခံစစ်ဖြစ်စေ သတင်းကို ပြည့်စုံကျယ်ပြန့်စွာ ရယူသိမြင်ရေးသည် သေရေး ရှင်ရေးပင်။ အလားတူ စီးပွားရေး၊ ပညာရေး၊ ဘာတိုးတက်ရေးတို့မှာလည်း အသိအမြင်ဗဟုသုတ ပြည့်ဝသူတို့က ကောင်းစားကြီးပွားကြပြီး သတင်းအချက်အလက်ရရှိမှု နည်းပါးသူတို့ကား ဆင်းရဲနိမ့်ကျခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ အဖိနှိပ်ခံရခြင်း၊ လူနေမှုဘဝအောက်တန်းကျခြင်းတို့နှင့် ရင်ဆိုင်ကြရသည်။

**နည်းပညာခေတ်**

မြန်မာစာ၊ မြန်မာစကားမှာတော့ သတင်းခေတ်ဟူ၍ သုံးနှုန်းလေ့မရှိပေ။ အနောက်နိုင်ငံများက Information Age ဟု သုံးနေကြသော်လည်း မြန်မာဘာသာကမူ ပညာခေတ်၊ နည်းပညာခေတ် Technology Age ဟူသာ ပြောဆိုနေကြကြောင်း တွေ့ရပေသည်။ သတင်းဆိုဆို၊ ပညာဆိုဆို၊ နည်းပညာပြောပြော၊ ဗဟုသုတဟုယူလိုယူ၊ သိသင့်သိထိုက်သည်တို့ကို သိမြင်မှသာ လူရာဝင်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလကပင် ဂေါတမဗုဒ္ဓ (ဘီစီ ၆၂၃-၅၄၃) က ဗဟုသစ္စ (အကြားအမြင် များခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်း) မင်္ဂလသုတ်တွင် ဟောကြားတော်မူခဲ့၏။

အောင်မြင်မှု၊ တိုးတက်မှုအတွက် အကြားအမြင်များခြင်း၊ အထွေထွေဗဟုသုတ ကျယ်ပြန့်ခြင်း၊ ရှေ့ရေးကို မှန်ကန်စွာ တွေးခေါ် မြော်မြင်တတ်ခြင်းတို့က အထောက်အပံ့ရ၏။ မသိမမြင်၊ နားမလည်၊ သဘောမပေါက်၊ ဘယ်အခြေအနေရောက်၍ ဘယ်သောင်ဘယ်ကမ်းသို့ ဆိုက်မှာမှန်းမသိဘဲ အသိဉာဏ်မဲ့သူတွေလည်းရှိ၏။

အခြေအနေတော်တော်ဆိုးပါလား။ ဘယ်သို့ကယ်ဆယ်ကြရပါမည်နည်း။ သေချာချက် အကျဆုံး အချက်ကို ဝါကျတစ်ကြောင်းတည်းနှင့် ဖော်ပြရလျှင် "စာဖတ်ရန်လိုသည်"ဟူသာ ဆိုရပါမည်။ စာထဲမှာ ဘာတွေရှိသနည်း။ အလိမ္မာတွေရော၊ အမိုက်အမှားတွေရော ရှိကြသည်။ စာဖတ်သူတိုင်း လူတော်မဖြစ်။ အသိနည်းသူအဖြစ်မှ အသိများသူတော့ ဖြစ်လာမည်။ သုတစာပေက ဗဟုသုတပေးဝေ၏။ သူငွေးဖြစ်နည်းကို သိရှိနိုင်သကဲ့သို့ ဗုံးခွဲနည်း၊ မိုင်းလုပ်နည်းလည်း စာအုပ်ထဲက ရနိုင်၏။

ဖတ်သူကိုယ်၌က စိတ်ကောင်းရှိရန် အရင်းခံလိုအပ်၏။ ကောင်းရာကောင်းမှုအတွက် ရည်ရွယ်ချက်ဖြင့် ရှာဖွေလေ့လာမှ ကောင်းကျိုးရမည့် ဗဟုသုတများကို တွေ့ရပေလိမ့်မည်။

**သုတစာပေ**

သုတစာပေထဲမှ ကောင်းကျိုးရစေမည့် ပညာရပ်အမျိုးမျိုး၊ ဘာသာရပ်မျိုးစုံကို စာအုပ်စာပေမှလည်း ရရှိနိုင်သည်။ လက်ကိုင်ဖုန်းလေးထဲမှ ယူကျူ၊ ဂူဂဲစသည်တို့မှလည်း ဖတ်ရှုကြည့်ရှုနိုင်၏။ စာအုပ်ထဲမှာထက် လက်ကိုင်ဖုန်းထဲမှာ မဟုတ်မမှန်အချက်အလက်နှင့် တမင်လွဲမှားသော သတင်းများ၊ လှည့်စားမှုများ၊ ဘက်လိုက်သော ဆွဲဆောင်မှုများ၊ စိတ်လှုပ်ရှားအောင် လှုံ့ဆော်ပြီး ချောက်တွန်းသော အရာတွေလည်း ရှိနေသေးသည်။ သူတို့က လူတော်တွေပါ။ သို့ရာတွင် လူယုတ်မာဖြစ်နေကြသဖြင့် သတင်းကို ချိုးဖဲ့ဖျက်ဆီး စားသောက်ကာ (သူတို့ကြီးပွားချမ်းသာ ဖိမ်ကျဖို့ရာ) ဖောက်ပြန်နေကြသူ အချို့ရှိ၏။ ကနလည်းကနတတ်၊ ကိုက်လည်းကိုက်တတ်သူအချို့အား ခေါ်လာနှင့်ပေါက်၍ "မြင်းကို ချိုတပ်ပေးသူများ" ရှိနေခဲ့၏။ ထို့ကြောင့် ကန်ရုံ၊ ကိုက်ရုံသာမက ခွေ့(ဝှေ့)လည်း ဝှေ့ကာ လူအများကို ဒုက္ခပေးနေကြပါ၏။

**တန်ဖိုး**

ကိုယ့်အလုပ်ကိုလုပ်၍ ကိုယ့်လမ်းကိုသွားကြပါက မည်သူမျှ ပြဿနာ မတွေ့ကြုံရပါ။ သတင်း၏ သဘောက မှန်ရမည်၊ မှားရမလွဲရ၊ တိကျရမည်၊ မရေမရာ ဇဝေဇဝါ မဖြစ်ရ၊ မြန်ဆန်ရမည်၊ နောက်မကျစေရ၊ မနှေးကွေးစေရ၊ ထိရောက်ရမည်။ ထိရောက်စွာ ရေးတတ်သားတတ်၊ ပြတတ် ညွှန်တတ်၊ လိုရင်းတိုရှင်း ထင်းခနဲ လင်းခနဲ သိမြင်စွဲမှတ်သွားလောက်အောင် လုပ်ဆောင်တတ်ရသည်။ သတင်းစာဆရာ၊ ဂျာနယ်သမားသည် ဖြောင့်မတ်ရပါသည်။ အမှန်တရားကို မြတ်နိုးသူဖြစ်ရသည်။ မုန်းသူကို နာစေပြီး ချစ်သူကိုယ့်ဘက်လူဆိုလျှင်သာစေသော သဘောထားမျိုး မရှိရပေ။

သတင်းသမားမှာ စိတ်ကောင်းရှိရန် အဓိကအရေးကြီးသကဲ့သို့ ဝတ္ထုကဗျာ ဖန်တီးမှု အနုပညာရှင်စာပေရေးဖွဲ့သူတို့မှာလည်း စိတ်ကောင်းရှိဖို့ကသာ ပထမပဲဖြစ်ပါသည်။

"Not to attack
nor to defend
but to explain."

**အမည်မသိစာရေးသူ(သမိုင်းကျမ်းတစ်စောင်မှ)**

ယင်းစာသုံးကြောင်းကို ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က (၁၉၃၀-၂၀၀၂) က မြန်မာလို ဘာသာပြန်ထားဖူးသည်။
"ဘာကိုပင်မှ၊ မပုတ်ခတ်လို၊
ဘာကိုမျှလည်း၊ ဆည်းကာမကွယ်။
သိဖွယ်ရှိသမျှ၊ ရှင်းပြခြင်းသာ။"

**သတင်း**

သတင်းဆိုသည်မှာ နည်းရှိသမျှနှင့် စုဆောင်းရရှိသည့် အချက်အလက်များဖြစ်၏။ သိသင့်သူကို အသိပေးရ၏။

သတင်းဆိုသည် အမှန်တကယ်ဖြစ်ပျက်ခဲ့သောအရာ သို့မဟုတ် မဖောက်မပြန် စစ်မှန်သော အရာဖြစ်၏။

အရာဝတ္ထုတို့၏ ပကတိသဘောသဘာဝဖြစ်၏။

သတင်းအမှန်က တန်ဖိုးရှိသကဲ့သို့ သတင်းမှားများက အန္တရာယ်ပြုလှည့်စားတတ်သည်။ ထောင်ချောက်ထဲသို့ မောင်းသွင်းတတ်သည်။ သတိထားအပ်သည်။

သတင်းထုတ်ဝေသူ၏ ယုံကြည်ကိုးစားနိုင်မှုပြကိန်းက အရေးကြီးလေသည်။ ပုဂ္ဂိုလ်ရေး တည်ကြည်ဖြောင့်မှန်မှု၊ ဂုဏ်သိက္ခာကို ကြည့်တတ်ရမည်။ မိုးလုံးပြည့် မုသာဝါဒများ ဖြန့်ဖြူးနေလေ့ရှိသူကို ဆရာတင်ပြီး နောက်က တကောက်ကောက်လိုက်မိသည်ရှိသော် ဒုက္ခရောက်နိုင်၏။

**ဖတ်ရှုသူ၏ ဝေဖန်ဆန်းစစ်သုံးသပ်နိုင်စွမ်း**

စာများများဖတ်လာ၍ ရှထောင့်စုံအောင် တွေးမြင်တတ်လျှင် ဤသို့နှံ့စပ်ခြင်းကို ရှောင်ရှားတတ်မည်။ သတင်းမှားတွေကို ရှာဖတ်ရင်း လွဲချော်ခြင်းမျိုး ကင်းဝေးမည်။

**သတင်းယူသူ**

သတင်းအရေးကြီးကြောင်း၊ သေရေး ရှင်ရေးပင်ဖြစ်ကြောင်း၊ စစ်ရေးကိစ္စတွင် သတင်းလက်ဦးရေး၊ အဝိုက်ဖမ်းခြင်း၊ လှည့်စားခြင်း၊ ဟန်ဆောင်ဖုံးကွယ်ခြင်းများအတွက် သတင်းထောက်လှမ်းရေး (စပိုင်သူလျှို)နှင့် သတင်းလုံခြုံရေးတို့ အဓိကကျကြောင်း အဖွင့်နိဒါန်းပိုင်းမှာပင် တင်ပြခဲ့ပါ၏။ စာဖတ်သူသည် သတင်းတစ်ရပ်ကို မိမိအတွက် အကျိုးရှိအောင် အသုံးချနိုင်ရန်(သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ) အောက်ပါအချက်များကို လုပ်ဆောင်ရလေ့ရှိပေသည် -

၁။ သတင်းစုဆောင်းခြင်း၊
၂။ သတင်းပိုမိုတိကျခိုင်မာစေခြင်း၊
(က) စိစစ်ခြင်း၊
(ခ) အကဲဖြတ်ခြင်း၊
(ဂ) အတည်ပြုခြင်း၊
၃။ သတင်းတည်ဆောက်ခြင်း၊
၄။ သတင်းသုံးသပ်ချက်အဖြေထုတ်ခြင်း၊
(က) အနက်ကောက်ခြင်း၊
(ခ) ကောက်ချက်ဆွဲခြင်း၊
၅။ အလားအလာတွက်ချက်ခြင်း၊
၆။ လိုအပ်သလို လှုပ်ရှားမှု ပြုလုပ်ခြင်း။

သတင်းရယူခြင်းသဘောသည် ရဲတပ်ဖွဲ့သာလုပ်ရသော အလုပ်မဟုတ်။ စစ်တပ်ကသာ လုပ်ရသည့်အလုပ်မဟုတ်။ သာမန်ပြည်သူပြည်သားအားလုံးတို့၏ နားမျက်စိအားလုံးသည် တိုင်းပြည်နှင့်ပြည်သူအတွက် ထက်မြက်သွက်လက်သော အာရုံခံအင်္ဂါ အစိတ်အပိုင်းများပင် ဖြစ်ကြပါသည်။

**စနစ်တကျ**

ရရှိသော ဗဟုသုတအချက်အလက်ကို စိစစ်ဝေဖန်တွေးတောခြင်းသည် ခံယူသူ၏ စွမ်းရည်အလိုက် ကွဲပြားနိုင်ကြ၏။ မည်သို့ဖြစ်စေ စနစ်တကျသာ ပြုလုပ်မည်ဆိုပါက ဤအချက်များပါဝင်ကြောင်း လေ့လာတွေ့ရှိရ၏-

| | | |
|---|---|---|
| ၁။ | Questioning | မေးမြန်းစုံစမ်းခြင်း၊ |
| ၂။ | Reading | ဖတ်ရှုခြင်း၊ |
| ၃။ | Describing | ဖော်ပြခြင်း၊ |
| ၄။ | Writing | ရေးမှတ်ခြင်း၊ |
| ၅။ | Analysing | ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်း၊ |
| ၆။ | Evaluating | အကဲဖြတ်ခြင်း။ |

အကဲဖြတ်ခြင်း၊ အနက်ကောက်ခြင်း၊ သုံးသပ်ခြင်းတို့တွင် ဉာဏ်ရည်ချင်းသိသာစွာ ကွဲပြားကွာခြားကြသည်။ ကျမ်းစာပေအရ အသိဉာဏ်က သုံးဆင့်ရှိ၏။ *စာမျက်နှာ ၇ သို့*

> ❝ စာအုပ်ထဲမှာထက် လက်ကိုင်ဖုန်းထဲမှာ မဟုတ်မမှန်အချက်အလက်နှင့် တမင်လွဲမှားသော သတင်းများ၊ လှည့်စားမှုများ၊ ဘက်လိုက်သော ဆွဲဆောင်မှုများ၊ စိတ်လှုပ်ရှားအောင် လှုံ့ဆော်ပြီး ချောက်တွန်းသော အရာတွေလည်း ရှိနေသေးသည်။ သူတို့က လူတော်တွေပါ။ သို့ရာတွင် လူယုတ်မာဖြစ်နေကြသဖြင့် သတင်းကို ချိုးဖဲ့ဖျက်ဆီးစားသောက်ကာ (သူတို့ကြီးပွားချမ်းသာ ဖိမ်ကျဖို့ရာ) ဖောက်ပြန်နေကြသူ အချို့ရှိ၏။ ❞

# ပြည်ပမှ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၉

**ပြည်ပမှစက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။** (အောက်ပုံ)



အစည်းအဝေး၌ လတ်တလော ပျံ့နှံ့နေသည့် စက်သုံးဆီနှင့် ပတ်သက်သော သတင်းမှားများကြောင့်လည်းကောင်း၊ စက်သုံးဆီ လက်လီအရောင်းဆိုင်များတွင် စက်သုံးဆီများ အကန့်အသတ်ဖြင့် ရောင်းချနေသည့်အတွက်ကြောင့် လည်းကောင်း၊ သုံးစွဲသူပြည်သူများ စိုးရိမ်မှုများ ဖြစ်ပေါ်လာကာ အလုအယက်ဝယ်ယူနေကြသည့် အခြေအနေအပေါ် စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများနှင့် သက်ဆိုင်ရာဌာနများအကြား ညှိနှိုင်းဆွေးနွေးကြသည်။

**အများပြည်သူစိုးရိမ်မှုပပျောက်ရေးဆွေးနွေး**

ဆွေးနွေးညှိနှိုင်းမှုများတွင် စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများသာမက လက်လီရောင်းချသည့် စက်သုံးဆီ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချနေသည့် SMEs လုပ်ငန်းရှင်များက စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဖြစ်ပေါ်နေသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပြီး ဝန်ကြီးဌာနဘက်မှ ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများ၊ အများပြည်သူအခက်အခဲများ၊ စိုးရိမ်မှုများကို လျှော့နည်းပပျောက်စေရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

**အကန့်အသတ်မရှိ ဝယ်ယူနိုင်ရေး**

စက်သုံးဆီ တင်သွင်းသည့် ကုမ္ပဏီများအနေဖြင့် တင်သွင်းမည့် လုပ်ငန်းစဉ်များအပေါ် စိုးရိမ်ပူပန်ခြင်း မရှိဘဲ စက်သုံးဆီ လက်လီအရောင်းဆိုင်များတွင် ရည်ညွှန်း ဈေးနှုန်းဘောင်အတွင်း အကန့်အသတ်မရှိ စားသုံးသူ ပြည်သူများ ဝယ်ယူရရှိနိုင်ရေး အမြန်ဆုံး ဆောင်ရွက်သွားရန် သဘောတူကြကြောင်း သိရသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ် ရန်နောင်စိုး၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၊ စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စက်သုံးဆီနဲ့ပတ်သက်ပြီး ဖြစ်ပေါ်နေတဲ့ ကောလာဟလတွေကို မယုံကြည်ကြဖို့နဲ့ ပြည်တွင်းမှာအသုံးပြုဖို့အတွက် စက်သုံးဆီအလုံအလောက်ရှိကြောင်း အသိပေးပြောကြား

## စက်သုံးဆီကိစ္စ ပြန်ကြားချက်ထုတ်ပြန်




နေပြည်တော် မေ ၁၉

**ဒီကနေ့ လူမှုကွန်ရက်စာမျက်နှာများမှာ ရေးသားဖော်ပြလျက်ရှိသည့် စက်သုံးဆီများကိစ္စနှင့်ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေသော ကောလာဟလများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက အခုလိုပြောကြားထားပါတယ် - - -**

ဗိုလ်ချုပ် ဇော်မင်းထွန်းက "စက်သုံးဆီကိစ္စနဲ့ ပတ်သက်ပြီး ကောလာဟလတွေ ထွက်နေတာရှိပါတယ်။ အဲဒီကောလာဟလတွေကို မသမာတဲ့ မီဒီယာအချို့က ပြန်ပြီးဖြန့်နေတဲ့အတွက်ကြောင့် အချို့နေရာတွေမှာ ဆီဆိုင်တွေပိတ်တာနဲ့ ဆီရှားပါးတဲ့ အခြေအနေတွေ ဖြစ်ပေါ်နေပါတယ်။ တိုင်းပြည်အတွင်းမှာ အသုံးပြုဖို့အတွက် စက်သုံးဆီတွေကို လုံလောက်တဲ့ပမာဏ တင်သွင်းထားပြီးဖြစ်တဲ့အတွက် စက်သုံးဆီ အလုံအလောက်ရှိပြီးဖြစ်တယ်လို့ ပြောချင်ပါတယ်။ အရင်တုန်းကဆိုရင်တော့ စက်သုံးဆီဘယ်နှရက်စာ အလုံအလောက်ရှိပါတယ်ဆိုပြီး ရက်နဲ့ပဲပြောတာဖြစ်ပါတယ်။ အခုလက်ရှိမှာကတော့ အရင်တုန်းက ရှိနေတဲ့ပမာဏထက်ပိုပြီး ရှိနေပါတယ်။ အဓိကပြဿနာဖြစ်ရတဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့အနေနဲ့ စက်သုံးဆီဈေးနှုန်းတည်ငြိမ်ရေးအတွက် ဒေါ်လာတွေ ရောင်းချပေးထားတာရှိတယ်။ စက်သုံးဆီတင်သွင်းတဲ့ ကုမ္ပဏီတွေကို အခုနောက်ပိုင်းမှာ ၁၈၅၀ ဈေးနဲ့ ရောင်းချခိုင်းတယ်။ အဲဒီလိုရောင်းချခိုင်းတဲ့အချိန်မှာ သူတို့အနေနဲ့ ဒေါ်လာနောက်ထပ်လည်း မပေးနိုင်တော့ဘူး။ ဒါကြောင့် ဒီဈေးနဲ့ မရောင်းချချင်တဲ့အတွက် ဆီတွေမရှိတော့ဘူးဆိုတဲ့ ကောလာဟလတွေကို ဖြန့်နေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ သက်ဆိုင်တဲ့သူတွေကို အသိပေးတာတွေ၊ သတိပေးတာတွေ ဆောင်ရွက်နေပါတယ်။ ဒ့ါအပြင် ပုံမှန်ရောင်းဝယ်နေကျအတိုင်းပဲ စက်သုံးဆီတင်သွင်းရောင်းချနေသူတွေကို ဒေါ်လာရောင်းချပေးတဲ့ အစီအစဉ်အနေနဲ့ ခွင့်ပြုချက်ရထားပြီးသားသူတွေကို မနက်ဖြန် ရောင်းချပေးမှာဖြစ်ပါတယ်။ ကုမ္ပဏီအသီးသီးက တင်သွင်းလာတဲ့ စက်သုံးဆီတွေကလည်း မြန်မာနိုင်ငံထဲဝင်ရောက်လာမယ့် လမ်းမှာ ရောက်ရှိနေပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူလူထုကို စက်သုံးဆီနဲ့ပတ်သက်ပြီး လတ်တလောဖြစ်ပေါ်နေတဲ့ ကောလာဟလတွေကို မယုံကြည်ကြဖို့နဲ့ ပြည်တွင်းမှာအသုံးပြုဖို့အတွက် စက်သုံးဆီအလုံအလောက်ရှိတယ်ဆိုတဲ့အကြောင်းကို ထပ်မံပြီးတော့ အသိပေးပြောကြားလိုပါတယ်" ဟု ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

၁။ သုတဉာဏ် = မျက်မြင်ကိုယ်တွေ့အရသိခြင်း၊
၂။ အနုမိတဉာဏ် = အကြောင်းနှင့်အကျိုးဆက်စပ်ပြီး ယုတ္တိဗေဒအရ သိသောဉာဏ်နှင့်
၃။ သစ္ဆိကတဉာဏ် = ကိုယ်တိုင်ဖြစ်ကြည့်သောဉာဏ် (ဝါ) မျက်မှောက်ပြု သိဉာဏ်တို့ ဖြစ်၏။

အသိတရား၏ တိမ်မှု၊ နက်မှု ကွာခြားကြရခြင်းကား ကျွန်ုပ်တို့အားလုံး (စာဖတ် သူရော၊ စာရေးသူပါ) အစမထင်သော သံသရာ၌ ကျင်လည်ကျက်စားပြေးလွှားခဲ့ကြသည်။ ဘဝပေါင်းများစွာ ဘဝအဆင့်ဆင့် ကျင်လည်ခဲ့ကြရသည်။ နတ်ဘုံ၌လည်းနေခဲ့၏။ လူ့ဘုံမှာလည်း နေခဲ့ဖူး၏။ ငရဲဘုံ၊ တိရစ္ဆာန် ဘုံအမျိုးမျိုး အထွေထွေမှာလည်း နေခဲ့ကြရဖူး၏။ ထိုသို့နေခဲ့ကြရာတွင် သူတော်ကောင်းနှင့်လည်း တွေ့ဖူး၏။ ကိုယ်တိုင် သူတော်ကောင်းလည်းဖြစ်ဖူး၏။ သူယုတ်မာနှင့်လည်းဆုံဖူး၏။ ကိုယ်တိုင် သူယုတ်မာလည်းဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ သန္တာန်၌ ဥပါဒါန်တရားတို့သည် မျိုးစုံလှ၏။ ယင်းတို့က စရိုက်အဆင့်၊ ဉာဏ်အဆင့်၊ အနုသယအဆင့်၊ ဝါသနာအဆင့်တို့ဖြင့် တစ်ယောက်နှင့် တစ်ယောက် မတူကြဘဲ ရှိကြလေအောင် ဖော်ဆောင်ခဲ့ပေသည်။

**စိုက်ခြင်း သီးခြင်း**

လောကအတွင်း လောကကိုကြည့်နေကြသူချင်း မိမိတို့ စိုက်ပျိုးခဲ့ကြသော မျိုးစေ့ အားလျော်စွာ အပင်၊ အပွင့်၊ အသီးတို့သည် ဖြစ်ပေါ်လာကြမည်သာဖြစ်၏။ ငှက်ပျောပင်ကို စိုက်ပါက ငှက်ပျောပင်သာ ပေါက်လိမ့်မည်။ သရက်ပင်ပေါက်ချင်၍မရ၊ သရက်ပင် ခေတ်စား၍ ငှက်ပျောပင်က သရက်ပင်ဖြစ်အောင် လုပ်လျှင် "မျက်လှည့် ဆရာ" ၏ မာယာ သရက်ပင်မျိုး၊ လိမ်လည်လှည့်စားသော မတော် မတရား သရက်ပင်မျိုးသာ ဖြစ်ပေလိမ့်မည်။ တကယ်စစ်မှန်သော သရက်ပင်မျိုးကား ဖြစ်မလာနိုင်။

လူတို့၏ အသိဉာဏ် ကွာခြား၊ ကွဲပြားချက်အရ အရှိကို အရှိအတိုင်း၊ အဖြစ်ကို အဖြစ်အတိုင်း သိနိုင်ရန်ခဲယဉ်းကြ၏။ ထို့ကြောင့် စရိုက်၊ ဉာဉ်အတိုင်းသာ သိချင်သလို သိနေကြခြင်းဖြစ်၏။ တောသိ၊ တောင်သိ၊ မမှန်မကန်သိအောင်၊ အာရုံကို အမှန်အတိုင်း မမြင်ဘဲ မျက်စိမှောက်အောင် မျက်လှည့်ပြသူများ၏ အန္တရာယ်ကို သတိထားအပ်ကြပေသည်။ နှစ်ပေါင်းများစွာ သုတစာပေကိုသာ အထူးအားစိုက်ရေးသားခဲ့သူဖြစ်သဖြင့် သတင်းနှင့် သုတစာပေကိုသာ တင်ပြရပါသည်။ ပိုမိုအဆင့်အတန်းမြင့်ပြီး ပိုမို ထိရောက် လေးနက်သော "ရသ အနုပညာစာပေပိုင်း" ကို ဤနေရာမှာ ဆွေးနွေးဖို့ရာ အခွင့်မသာခဲ့ပါ။ များစွာ စုဆောင်းလေ့လာ ဆည်းပူးရပါဦးမည်။

မသိမသာ မထိတထိနှင့် ကလိသလို ဖျက်လိုဖျက်ဆီးတွေကို မရေးသင့်ပါပေ။ ဆင်ကျီစားရာ ဆိတ်မခံသာ၊ ယဉ်ကျေးမှုအစဉ်အလာကို အထိမခံ။

**နိဂုံး**

နိဂုံးချုပ်မှာ ဖော်ပြလိုသည်မှာ စာရေးကြသူများသည် ယုံကြည်ကိုးစားထိုက်သူများ ဖြစ်ရလေအောင် ကိုးစားနိုင်မှု (Reliability) ကို မဖြစ်မနေ တည်ဆောက်ကြစေလိုပါသည်။ ဘယ်စာကို ဘယ်လိုရေးရေး၊ ခိုင်လုံမှု (Validity) ရှိအောင် ရေးသားကြစေလိုပေသည်။ အနုပညာစံ၊ ယဉ်ကျေးမှုစံ၊ အမျိုးသား အစဉ်အလာလက္ခဏာစံ (Nationl Identity) စသော ရှိသင့်ရှိအပ်သော ဂုဏ်အင်္ဂါများနှင့် ပြည့်စုံသော စာကောင်းပေကောင်းများ၏ ဖန်တီးဆွဲဆောင်အား၊ တွန်းအားများ၊ ပါဝင်မှုများစွာဖြင့်သာလျှင် သာလွန်လှပ ကောင်းမွန်သော အနာဂတ်ကို ကျွန်ုပ်တို့ပြည်သူ အားလုံး စည်းရုံးညီညာအောင်မြင်စွာ တည်ဆောက်နိုင်ကြမည်ဖြစ်ပါကြောင်း ဖော်ပြပါရစေ။ ။

# အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသော ဆန်နှင့် ဂျုံများကို မြို့နယ် ၁၁ မြို့နယ်သို့ ဖြန့်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၉**

အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသော ဆန်နှင့် ဂျုံတန်ချိန် ၈၀၀၀ ခန့်ကို ထားရှိမည့် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အေရှားဝေါလ် ဆိပ်ကမ်းနှင့် မြန်မာ့စက်မှုဆိပ်ကမ်းတို့တွင် အဆင်ပြေစွာထုတ်ယူနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဆန်နှင့် ဂျုံများ ဖြန့်ဝေနိုင်ရေး**

ယင်းနောက် အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသော ဆန်နှင့် ဂျုံများကို မြို့နယ် ၁၁ မြို့နယ်သို့ ဖြန့်ဝေနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ပြည်သူများထံသို့ စနစ်တကျရောက်ရေး**

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများအား VIDEO CONFERENCING စနစ်ဖြင့် အိန္ဒိယအစိုးရက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် လှူဒါန်းသော ဆန်နှင့် ဂျုံတန်ချိန် ၈၀၀၀ ခန့်ကို မြို့နယ် (၁၁) မြို့နယ်ရှိ ပြည်သူများထံသို့ စနစ်တကျ ရောက်ရှိစေရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## လူငယ်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို တီထွင်ဆန်းသစ်မှုများဖြင့် ဖော်ဆောင်ကြစို့ အစီအစဉ်ဖြင့် Online ဆွေးနွေးပွဲ ကျင်းပမည်

**နေပြည်တော် မေ ၁၉**

ကမ္ဘာ့အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization– WIPO) နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ ပူးပေါင်းစီစဉ်ဆောင်ရွက်သည့် **“ကမ္ဘာ့အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်အဖွဲ့နှင့် အာဆီယံဒေသတွင်းညီလာခံအား လူငယ်များအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို တီထွင်ဆန်းသစ်မှုများဖြင့် ဖော်ဆောင်ကြစို့”** အစီအစဉ်ဖြင့် ၂၀၂၂ ခုနှစ် မေ ၂၅ ရက် နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်အထိ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါ Online ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ပါဝင်စားသူများသည် https://www.wipo.int/meetings/en/ details.jsp?meeting_id=70428 မှတစ်ဆင့် အမည်စာရင်း ပေးသွင်းနိုင်ပြီး အစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူငယ်ရေးရာဦးစီးဌာန၊ တယ်လီဖုန်း အမှတ် ၀၆၇-၃၄၁၃၉၄၇၊ ၀၉-၇၇၇၃၃၃၅၄၅၊ ၀၉-၄၂၅၃၂၅၁၃၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် Oxygen Concentrator ၂၀ နှင့် ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ ငါးစီးဖြင့် နှာခေါင်းစည်း Mask (၃၉ ဒသမ ၂) တန်ကို အသီးသီး တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များ ကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဒါကြောင့် ပြည်တွင်း စက်သုံးဆီ ပြတ်လပ်မှုမဖြစ်ပေါ်နိုင်ပါဘူး” ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ယနေ့ သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မီဒီယာအချို့က ဖော်ပြသည့် တရုတ်နိုင်ငံကနေ သီရိလင်္ကာနိုင်ငံ မှတစ်ဆင့် ကြားခံပြီး တင်သွင်းနေသည် ဆိုခြင်းမှာလည်း မဟုတ်မှန်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှသိရှိရပြီး ပြည်တွင်းသို့ စက်သုံးဆီများကို စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားနိုင်ငံများမှ အဓိကတင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအပြင် သက်ဆိုင်ရာကော်မတီ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့နှင့်ပူးပေါင်း၍ ပုံမှန်အခြေအနေအတိုင်း စက်သုံးဆီများ ပြန်လည်ရောင်းချ ပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်းနှင့် ဖြစ်သင့်သည် ရည်ညွှန်းဈေးများ နေ့စဉ်ထုတ်ပြန်ခြင်း၊ အရည်အသွေး၊ အခြင်အတွယ် မှန်ကန်စွာဖြင့် လွတ်လပ်၍ မျှတသော ဈေးကွက် ယှဉ်ပြိုင်မှုအတွင်း ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြင့် ပြည်သူများ ဝယ်ယူနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်အတွင်း ထည့်သွင်းထားသည်။

ထို့အတူ ယနေ့မွန်းလွဲပိုင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ပြည်ပမှ စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်း လုပ်ငန်းစဉ်များ အဆင်ပြေ ချောမွေ့စေရေးအတွက် ဒုတိယဝန်ကြီး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနများ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေး အသင်းမှ တာဝန်ရှိသူများနှင့် စက်သုံးဆီတင်သွင်းသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်သုံးဆီအရောင်းဆိုင်များတွင် ရည်ညွှန်းဈေးနှုန်းဘောင်အတွင်း အကန့်အသတ်မရှိဘဲ သုံးစွဲသူပြည်သူများ ဝယ်ယူရရှိနိုင်ရေး အမြန်ဆုံး ဆောင်ရွက်ကြရန် သဘောတူညီမှုရရှိခဲ့သည်။

ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၏ ညှိနှိုင်းဆောင်ရွက်ပေးမှုကြောင့် ယနေ့ညနေပိုင်းမှ စတင်၍ စက်သုံးဆီဆိုင်များတွင် လိုသလောက် ပြန်လည်ရောင်းချပေးမည်ဖြစ်ကြောင်း ပုဂ္ဂလိကဆီဆိုင်များဖြစ်သည့် Denko ၊ မြတ်မေတ္တာမွန်၊ ရွှေဖျိုင်းဖြူ၊ ဘီအိုစီ အစရှိသည့် စက်သုံးဆီ အရောင်းဆိုင်များက ပြန်လည်သတင်းထုတ်ပြန်ခဲ့ကြသည် ကိုလည်း မြင်တွေ့ရသည်။ ထို့အတူ ဈေးနှုန်းပေါက်ဈေးများကိုလည်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ နေ့စဉ် ဖော်ပြ ထုတ်ပြန်ပေးလျက်ရှိသည်။

ယနေ့ ဈေးကွက်ပေါက်ဈေးများအဖြစ် ကမ္ဘာ့ရေနံစိမ်း အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၀၄ ရှိပြီး ပြည်တွင်းဈေးကွက်အတွင်း စက်သုံးဆီဈေးနှုန်းများမှာ ယမန်နေ့ကထက် ငွေကျပ် ၅၀ မှ ၈၀ အထိ ဈေးနှုန်းမြင့်တက်လျက်ရှိသည်။

**ခင်ရတနာ၊ ဓာတ်ပုံ-မင်းထက်**

## သီပေါ အလက (၂) ကျောင်းသားဟောင်းများက ဆရာများအား ပူဇော်ကန်တော့

**သီပေါ မေ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် လွန်ခဲ့သောနှစ် ၃၀ ကျော်က ပညာသင်ကြားပေးခဲ့သည့် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယ မြတ်ဆရာပူဇော်ပွဲကို ယမန်နေ့က လွယ်မုတ်တောင် သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲ ကျင်းပရေး အကျိုးဆောင် ကျောင်းသူဟောင်း ဒေါ်နှင်းကြည်ထွန်းက အမှာစကားပြောကြားပြီး ကန်တော့ခံ ဆရာများက ဝမ်းမြောက်ကြောင်း အနုမောဒနာစကားများနှင့် ဆုမွန်ကောင်းတောင်းပေးသည်။

ဆရာကန်တော့ပွဲ၌ အသက် ၈၀ ကျော် ဆရာ ဆရာမ ၁၆ ဦးတို့အား အသက် ၅၀ ကျော် ကျောင်းသား ကျောင်းသူများက တစ်ဦးလျှင် ငွေကျပ်လေးသိန်း၊ အသုံးအဆောင်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

**စိုင်း(သီပေါ)**

## တံတားဦးမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် စေတီတော်အချို့ ထီးတော်များစောင်းပြီး နေအိမ်များ ပျက်စီး

**တံတားဦး မေ ၁၉**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်တွင် မေ ၁၈ ရက် ညနေ ၇ နာရီခွဲက မိုးသက်လေပြင်း တိုက်ခတ်မှုကြောင့် တံတားဦးမြို့ အမှတ် (၂) ရပ်ကွက်ရှိ မင်္ဂလာစေတီ ထီးတော်စောင်းသွားခြင်းနှင့် ဟံသာဝတီကျေးရွာအုပ်စုရှိ လေးမျက်နှာ စေတီတော် ထီးတော်စောင်းခြင်း၊ အမှတ် (၁) ရပ်ကွက်တွင် အိမ်ထောင်စု သုံးစု၊ လက်ပန်ဇင် ကျေးရွာအုပ်စုတွင် အိမ်ထောင်စု ရှစ်စု၊ အိမ်ကန်ကျေးရွာအုပ်စုတွင် အိမ် တစ်အိမ်၊ ဟံသာဝတီကျေးရွာ အုပ်စုတွင် အိမ်ထောင်စု သုံးအိမ်၊ ငါးရာပြား ကျေးရွာ အုပ်စုတွင် အိမ်ထောင်စု ကိုးအိမ်၊ ပေါက်မြိုင်ကျေးရွာ အုပ်စုတွင် အိမ်ထောင်စု ၁၅ စု၊ ခေါင်းကွဲကျေးရွာအုပ်စုတွင် ၁၈ စု၊ ဈေးချိုကျေးရွာအုပ်စုတွင် နှစ်စု၊ လက်ဆောင်ယူ ကျေးရွာအုပ်စုတွင် အိမ်ထောင်စု လေးစု၊ မီးသွေးတိုက်ကျေးရွာအုပ်စုတွင် ၁၀ စု စုစုပေါင်း အိမ်ထောင်စု ၈၁ စု ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးရုံးမှ သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် တံတားဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် စေတီတော်များ ထီးတော် စောင်းခြင်းများအား သက်ဆိုင်ရာ ဂေါပကအဖွဲ့နှင့် အလှူရှင်များ စုပေါင်း၍ ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံတကာခရီးသွားများ ဝင်ရောက်လျက်ရှိ

**ရန်ကုန်  ဧပြီ  ၁၉**

ကိုဗစ်-၁၉ ရောဂါကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ နိုင်ငံတကာလေကြောင်းလိုင်းခရီးစဉ်များ နှစ်နှစ်ကြာ ရပ်နားထားခဲ့ပြီးနောက် ဧပြီ ၁၇ ရက်မှစ၍ နိုင်ငံတကာ ခရီးသွားများ ဝင်ရောက်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ပြန်လည်ဖွင့်လှစ်ခဲ့ရာ နိုင်ငံတကာလေကြောင်းလိုင်းဖြင့် ခရီးသွားများ တဖွဲဖွဲ ဝင်ရောက်လျက်ရှိသည်။

**စင်ကာပူလေကြောင်းခရီးစဉ် ပထမဆုံးရောက်**

နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်သောနေ့၌ ကနဦးအနေဖြင့် နံနက် ၉ နာရီတွင် စင်ကာပူနိုင်ငံမှ ပျံသန်းလာသော SQ-761 လေကြောင်းခရီးစဉ် ပထမဆုံး ရောက်ရှိခဲ့ပြီး ယင်းနောက်တွင် မလေးရှားနှင့် ဘန်ကောက်မှ ခရီးသွားများ ဆိုက်ရောက်ခဲ့သည်။ ဧပြီ ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြည်ပသို့ ထွက်ခွာသောခရီးသွား ၆၈၈ ဦးနှင့် ဝင်ရောက်သော ခရီးသွား ၃၉၃ ဦးရှိပြီး MAI ၊ MNA လေကြောင်းလိုင်းတို့မှ ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

ဧပြီ ၁၈ ရက်တွင် ပထမဆုံးလေကြောင်းပျံသန်းမှုအဖြစ် ဒူဘိုင်းနိုင်ငံမှ ခရီးသွားများ စတင်ဝင်ရောက်ခဲ့ပြီး ထိုနေ့တွင် ဒူဘိုင်း၊ စင်ကာပူ၊ ဘန်ကောက်၊ မလေးရှားနိုင်ငံတို့မှ လေကြောင်းလိုင်းငါးလိုင်းဖြင့် ခရီးသွား ၅၁၇ ဦး ဝင်ရောက်ခဲ့သည်။

ဧပြီ ၁၉ ရက်တွင် ပထမဆုံးခရီးသွားဝင်ရောက်မှုအဖြစ် ဘန်ကောက်-ရန်ကုန် လေကြောင်းလိုင်းမှ MAI-336 ခရီးစဉ်ဖြင့် ခရီးသွား ၃၂ ဦး ဝင်ရောက်ခဲ့ပြီး တစ်ဆက်တည်း UB-026 ကွာလာလမ်ပူ-ရန်ကုန် ခရီးစဉ်ဖြင့် ခရီးသွား ၁၀၆ ဦး ဆက်လက် ဝင်ရောက်ခဲ့သည်။ ထိုနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ တရုတ် (ကွမ်ကျိုး)၊ တောင်ကိုရီးယား (အင်ချွန်း)၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံတို့မှ လေကြောင်းလိုင်း ငါးလိုင်းဖြင့် ခရီးသွား ၂၈၈ ဦး ဝင်ရောက်ခဲ့ပြီး ညနေပိုင်းတွင် ကွမ်ကျိုး၊ အင်ချွန်းနှင့် ဘန်ကောက်ခရီးစဉ်များမှ ခရီးသွားများ ဆက်လက် ဝင်ရောက်ခဲ့ကြောင်း သိရသည်။



"ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှာ ခရီးသွားတွေအတွက် လိုအပ်ချက် မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက် ပေးထားပါတယ်။ မြန်မာနိုင်ငံရဲ့အကောင်းဆုံး လေဆိပ်ကြီး ပြန်လည်ဖွင့်လှစ်မှုကို အားလုံးဝမ်းသာနေကြတာပါ။ ပြီးတော့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မယ့် လုပ်ငန်းတွေဟာလည်း နိုင်ငံရဲ့ တံခါးပေါက်ဖြစ်တဲ့ ဒီလို လေဆိပ်များကပဲ ဝင်ရောက်ကြတာပါ။ နိုင်ငံခြားသား ခရီးသွားတွေ ပိုပြီးဝင်ရောက်ဖို့ဆိုရင် ခရီးသွားလာရေး လုပ်ငန်းများအနေနဲ့ပိုဆွဲဆောင်စေနိုင်တဲ့လုပ်ဆောင်မှုတွေ လည်းလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝ အလှကို နိုင်ငံခြားခရီးသွားတွေ နှစ်ခြိုက်ကြတာကြောင့် ခရီးသွားကဏ္ဍကို ပြန်လည်ကုစားဖို့အတွက် ယခင်ထက်ပိုပြီး ကြိုးစားလုပ်ဆောင်မယ်ဆိုရင် ယခင်ခရီးသွား ဝင်ရောက်မှုကို ကျော်လွန်တဲ့ အနေအထားကို ရောက်သွားနိုင်ပါတယ်" ဟု ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ Yangon Aerodrome Company (YACL) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကာကွယ်ဆေးထိုးနှံပြီး လက်မှတ်ပြသ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ခရီးသွားများဝင်ရောက်ရာ၌ လေဆိပ်တာဝန်ကျ ကျန်းမာရေးကောင်တာသို့ သွားရောက်၍ လိုအပ်သော ကိုဗစ်-၁၉ ရောဂါ ကင်းရှင်းကြောင်း PCR Test ဆေးစစ်ချက်နှင့် ကာကွယ်ဆေး ထိုးနှံပြီးကြောင်း သက်သေခံလက်မှတ်တို့ကို ပြသခြင်း၊ စာရွက်စာတမ်းများ စစ်ဆေးအတည်ပြုပြီးသည်နှင့်တစ်ပြိုင်နက် ခရီးသည်များအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများကို လုပ်ဆောင်၍ မိမိတို့ခရီးဆောင်အိတ်များကို ရွေးယူခြင်း၊ ဆိုက်ရောက်ဧရိယာမှထွက်ခွာအပြီး ခရီးသည်များသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ စီစဉ်ထားရှိသော ကျန်းမာရေးကောင်တာ Quarantine ဝင်ရမည့် ဟိုတယ်အချက်အလက်များ ရယူရန်နှင့် စာရင်းပေးသွင်းပြီး အသင့်စီစဉ်ထားရှိသော သယ်ယူပို့ဆောင်ရေး အစီအစဉ်ဖြင့် Quarantine ဝင်ရောက်မည့် ဟိုတယ်သို့ ထွက်ခွာနိုင်ရန် ဝန်ဆောင်မှုပေးထားကာ Commercial လေကြောင်းလိုင်းဖြင့် လိုက်ပါသော နိုင်ငံခြားခရီးသွားများ အနေဖြင့် ဟိုတယ် Quarantine တစ်ရက်ဝင်ရောက်နိုင်ရန် ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

# တာချီလိတ်မြို့၌ မိုးသည်းထန်မှုကြောင့် နမ့်ယွန်းချောင်းတွင် ပိတ်ဆို့နေသော အမှိုက်များ ရှင်းလင်းဖယ်ရှား

**တာချီလိတ်  ဧပြီ  ၁၉**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မကာဟိုခမ်း ရပ်ကွက် နမ့်ယွန်းချောင်းတံတားတွင် ပိတ်ဆို့နေသော အမှိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာနမှ စက်ယန္တရားများ အသုံးပြုပြီး ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။

သင်္ကြန် ကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေနှင့်အတူ စီးမျောလာသည့် အမှိုက်သရိုက်များနှင့် ချောင်းအတွင်း စည်းကမ်းမဲ့အမှိုက်များ စွန့်ပစ်ထားခြင်းတို့ကြောင့် နမ့်ယွန်းချောင်းတွင် လာရောက်ပိတ်ဆို့နေသော အမှိုက်သရိုက်များကို မြို့နယ်စည်ပင်သာယာရေးဌာနမှ စက်ယန္တရားများ အသုံးပြုပြီး အမှိုက်များ ဆယ်ယူခြင်း၊ နုန်းမြေများ ဆယ်ယူခြင်းနှင့် ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဧပြီ ၁၈ ရက်မှစတင်၍ ယနေ့အချိန်ထိ ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

ကျန်ရပ်ကွက်များမှ ချောင်း၊ မြောင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သင်္ကြန်ကာလ အမှိုက်များ မဆင်မခြင်စွန့်ပစ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အမှိုက်များ တင်ကျန်ရစ်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**ယာဆေး(ပြန်/ဆက်)**



## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် လျှောက်ထားနိုင်

**ရန်ကုန်  ဧပြီ  ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်း သက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် အသက် ၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၂၂ ခုနှစ် တစ်နှစ်သင်တန်းဖြစ်သော အီလက်ထရွန်နစ် သင်တန်းနှင့် သုံးလ သင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ၂၀၂၂ ခုနှစ် မေလ ၁၆ ရက်နေ့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါ သင်တန်းများအား တက်ရောက်လိုသူများသည် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်း အတတ်သင် သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်း သက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၉၆၆၁၇၁၂၊ ၀၉-၄၂၁၀၀၃၅၆၀ နှင့် ၀၉-၂၅၀၄၀၂၃၉၂ တို့သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူ ပစ္စည်းများနှင့် နယ်မှ လာရောက်သော သင်တန်းသား သင်တန်းသူများအတွက် အိမ်ပြန်ခရီးစရိတ် ပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သုံးခွမြို့နယ်၌ ဝင်ငွေနည်း အိမ်ထောင်စု ၂၀၀ အား အခြေခံစားသောက်ကုန်များ လှူဒါန်း

**သုံးခွ  ဧပြီ  ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် နံ့ယောကျေးရွာ မဟာအတုလမာရ်အောင် စေတီတော် ဘုရား တန်ဆောင်းအတွင်းတွင် ကျေးရွာဇာတိ မိဘများဖြစ်ကြသော ဦးအုန်းမောင်-ဒေါ်ကုလားမတို့အား ရည်စူး၍ အလှူရှင်များက နှစ်ဦးအလှူအဖြစ် ဝင်ငွေနည်း အိမ်ထောင်စု ၂၀၀ တို့ကို ဧပြီ ၁၇ ရက်က အလှူဒါန ပြုလုပ်သည်။

အဆိုပါ အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန် ရှစ်ပြည်၊ ဆီတစ်ဘူး၊ ဆန်ကြာဆံ၊ ပဲကြာဆံ၊ ကြက်သားမှုန့်၊ ငါးပိ၊ ကြက်သွန်နီ၊ လက်ဖက်ခြောက်၊ ခေါက်ဆွဲ စသည်ဖြင့် စုစုပေါင်းအခြေခံ စားသောက်ကုန်ပစ္စည်း အမျိုးအမယ် ၂၀ တို့ကို စုပေါင်းလှူဒါန်းမှု ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## လင်းခေးခရိုင်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**လင်းခေး  ဧပြီ  ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအကြားအလပ်မရှိ တောင်တန်းမြေပြန့် မခွဲခြားဘဲ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင်အတွင်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် ကျောက်လမ်း ၂ မိုင် ၁ ဖာလုံ၊ ကွန်ကရစ် လမ်း ပေ ၂၈၀၀၊ ကွန်ကရစ်တံတား သုံးစင်း၊ မြောင်းကူးတံတား နှစ်စင်းနှင့် အုတ်ရေကန် တစ်ကန် တည်ဆောက်ခြင်းလုပ်ငန်းများကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၇၇ ဒသမ ၂၀၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်တွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ထုတ်စိုက်ခင်းရိတ်သိမ်းပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကျင်းပ

**အိမ်မဲ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ထုတ် စိုက်ခင်းရိတ်သိမ်းပွဲနှင့် မျိုးစေ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စုရှိ တောင်သူ ဦးထိန်ဝင်း၏ လယ်ကွင်းအမှတ် (၉ဂက) ဦးပိုင်အမှတ် (၁၁/၅)တွင် ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်း တစ်ဧက ရိတ်သိမ်းခြင်းအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု ဒိုးကုန်းကျေးရွာနှင့်ကွင်းကလေးကျေးရွာမှ တောင်သူများအားသစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များအား ပေးအပ်ခဲ့ပြီး **(ယာပုံ)** သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးလျှင် ရရှိမည့် အကျိုးကျေးဇူးများကို တောင်သူများနှင့် နီးနီးနှောဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းခြင်းနှင့် မျိုးစေ့ပေးအပ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ လယ်ယာမြေ စီမံခန့်ခွဲရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးမှူးတို့နှင့် စိတ်ပါဝင်စားသော တောင်သူ စုစုပေါင်း ၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**



# ညောင်လေးပင်၌ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး (Booster Dose) ထိုးနှံပေး

**ညောင်လေးပင် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုများ လျော့နည်းစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဦးစားပေး အစီအစဉ်များအရ ကာကွယ်ဆေး ထိုးနှံခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီခွဲက မဟာတိလောက သယမ္ဘူဘုရားကြီးဝင်းအတွင်း၌ အသက် ၁၈ နှစ်နှင့် အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ရပ်ကွက် ကျေးရွာအတွင်းရှိ ဦးတည်အုပ်စုများတွင်ပါဝင်သော အသက် ၁၈ နှစ်အထက် ပြည်သူများအား ထိုးနှံပေးခြင်းဖြစ်ပြီး သံဃာတော်များနှင့် သီလရှင်များကို Mobile စနစ်ဖြင့် လိုက်လံ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**



## မိုးမိတ်မြို့နယ် ဘုန်းတော်ကြီးကျောင်းများနှင့် သီရှင်ကျောင်းများတွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံပေး

**မိုးမိတ် မေ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းတိုက်များမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးရသေးသော အသက်(၁၅)နှစ်နှင့် (၁၈) နှစ်ကြား ရှင်သာမဏေနှင့် သီလရှင် ဆရာလေးများအား ယမန်နေ့မွန်းလွဲပိုင်းက ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထိုးနှံရာတွင် ရွှေကျောင်းပရိယတ္တိစာသင်တိုက်မှ ရှင်သာမဏေ ၁၆ ပါး၊ သာသနာ့ရက္ခိတ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာလေး ရှစ်ပါးနှင့် အေးမြချမ်းသာသီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာလေး ရှစ်ပါး စုစုပေါင်း ၃၂ ပါးတို့အား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံပေးသည့် ကျောင်းတိုက်များသို့ ကွင်းဆင်းလိုက်ပါ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ ဆိုင်ကယ်အပိုပစ္စည်း၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၈ ရက်တွင် ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ ၄၇ ဒသမ ၈၇၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၂၁၆၆၀) ကို လည်းကောင်း၊ မေ ၁၉ ရက်တွင် တောင်ငူခရိုင်နှင့် ပြည်ခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၅၄၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၁၆၀၀) လည်းကောင်း စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၉၇၃၂၆၀) ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်း လိုင်စင်မဲ့ Toyota Landcruiser အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခရီးသည်တင်မှန်လုံယာဉ်တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်ဘက်ထရီများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်ခရိုင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ကော်မတီ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ သိန်းသန်းချီ ကားဝင်းနှင့် ရွှေသမင်ဂေါက်ကွင်းအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၄၀၄၅၃၁) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၄၀၄၅၃၁) ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၈ ရက်နှင့် ၁၉ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၇၇၇၇၉၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ပဲခူးတိုင်းဒေသကြီးအတွင်းမှ ဖမ်းဆီးရမိသော သစ်များကို တွေ့ရစဉ်။



ရှမ်းပြည်နယ်အတွင်းမှ ဖမ်းဆီးရမိသော လူသုံးကုန်ပစ္စည်းများကို တွေ့ရစဉ်။

# ကျန်းမာဖွံ့ဖြိုး အာဟာရတိုးဖို့ ပဲမျိုးစုံကို တိုးစားစို့

စီမံကိန်းစိစစ်သုံးသပ်ရေးဌာနခွဲ၊ စီမံကိန်းဦးစီးဌာန

အာရောဂျံ.... ကျန်းမာခြင်းသည် ပရမံ... မြတ်လှစွာသော... လာဘံ...လာဘ်ကြီးတစ်ပါး ဆိုသည့်ဆိုရိုးစကားအတိုင်း ကျန်းမာခြင်းသည် လူသားအားလုံးအတွက် လွန်စွာအရေးကြီးပါသည်။ ကျန်းမာမှ ပျော်ရွှင်သော နေ့စဉ်ဘဝကို ဖြတ်သန်းနိုင်မည်ဖြစ်ကာ ကျန်းမာရေးထိခိုက်သည်နှင့်အမျှ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေးတို့ပါ ထိခိုက်လာမည်ဖြစ်ပါသည်။ ကျန်းမာရေးကောင်းစေရန်အတွက် အိပ်ရေးဝဝအိပ်ခြင်း၊ ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ခြင်း၊ အရိယာပုတ်မျှတစွာ နေထိုင်ခြင်း စသည်တို့အပြင် အာဟာရပြည့်ဝစေမည့် အစားအစာကို ရွေးချယ်စားသုံးခြင်းမှာလည်း အထူးလိုအပ်ပါသည်။



### အစာလည်းဆေး၊ ဆေးလည်းအစာ

လူတို့ နေ့စဉ် စားသောက်ရာတွင် အများစုက မိမိတို့ ခံတွင်းတွေ့မည့်၊ ထမင်းမြိန်မည့် အစားအစာများကိုသာ အဓိကရွေးချယ် စားသုံးလေ့ရှိကြပါသည်။ မိမိတို့စားသုံးကြသည့် အစားအစာများမှာ ကျန်းမာရေးကို အထောက်အကူဖြစ်မှု ရှိသလား၊ မရှိဘူးလား။ အာဟာရဓာတ်များရရှိရန် လုံလောက်စွာ အကျိုးပြုသလား၊ မပြုဘူးလား။ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်စေသလား၊ မဖြစ်ပေါ်စေဘူးလား စသည်ဖြင့် အသေအချာသိရှိပြီး စားသုံးသူမှာ အနည်းစုသာ ရှိပါလိမ့်မည်။ အစာလည်းဆေး၊ ဆေးလည်းအစာဟူ၍ ဆိုရိုးစကားရှိပေရာ ဈေးကြီးသည်၊ ဈေးသက်သာသည်ကို စားခြင်းထက် အာဟာရပြည့်ဝရန်သာ အဓိက ဖြစ်ပေသည်။ အာဟာရပြည့်ဝရန်အတွက် အသီးအရွက်၊ အသား၊ ငါး၊ သစ်သီး၊ နွားနို့၊ ကြက်ဥ အစရှိသည်တို့သာမက အာဟာရဓာတ်များစွာကို တစုတစည်းတည်း ဖြည့်ဆည်းပေးနိုင်သည့်အပြင် ဈေးလည်းသက်သာသော ပဲမျိုးစုံကို နေ့စဉ် စားသုံးသင့်ပါသည်။

ပဲမျိုးစုံမှာ လူသားတို့၏ ကျန်းမာရေးအတွက် အရေးပါသည့် အသားဓာတ်၊ အာဟာရဓာတ်၊ အမျှင်ဓာတ်များ ပါဝင်မှုမြင့်မားပြီး ဗီတာမင်ဓာတ်များ ဖြစ်သည့် နိုင်ယာဆင်၊ ဖောလစ်အက်ဆစ်၊ ဗီတာမင် (B1၊ B2၊ B6)၊ သတ္တုဓာတ်များဖြစ်သည့် သံ၊ ဇင့်၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စဖရပ်နှင့် ကြေးနီနှင့် ပိုတက်စီယမ်ဓာတ်များ ပါဝင်သည့် အာဟာရတန်ဖိုးမြင့်မားသောကြောင့် ဖြစ်ပါသည်။

ထို့အပြင် ပဲတွင် အဆီနှင့် ဆိုဒီယမ်တို့ အနည်းငယ်ပါဝင်သော်လည်း ကိုလက်စထရော ပါဝင်ခြင်း မရှိပါ။ ပဲစားသုံးခြင်းကြောင့် ရရှိလာနိုင်သည့် အခြားအကျိုးကျေးဇူးတစ်ခုမှာ ပုံမှန်မဟုတ်သော ကိုယ်အလေးချိန်တက်ခြင်းကို တားဆီးနိုင်ပါသည်။ အချို့သောကင်ဆာရောဂါများနဲ့ အခြားဆက်စပ်ရောဂါများ၏ အန္တရာယ်များအပြင် သွေးတွင်းကိုလက်စထရောပါဝင်မှုကို လျှော့ချပေးနိုင်သည့် ပျော်ဝင်အမျှင်ဓာတ် (Soluble fiber) တစ်မျိုး ပါဝင်ကြောင်း နိုင်ငံတကာသုတေသနပညာရှင်များက ဖော်ပြထားပါသည်။

> “ ပဲမျိုးစုံမှာ လူသားတို့၏ ကျန်းမာရေးအတွက် အရေးပါသည့် အသားဓာတ်၊ အာဟာရဓာတ်၊ အမျှင်ဓာတ်များ ပါဝင်မှုမြင့်မားပြီး ဗီတာမင်ဓာတ်များ ဖြစ်သည့် နိုင်ယာဆင်၊ ဖောလစ်အက်ဆစ်၊ ဗီတာမင် (B1၊ B2၊ B6)၊ သတ္တုဓာတ်များဖြစ်သည့် သံ၊ ဇင့်၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စဖရပ်နှင့် ကြေးနီနှင့် ပိုတက်စီယမ်ဓာတ်များပါဝင်သည့် အာဟာရ တန်ဖိုးမြင့်မားသောကြောင့် ဖြစ် ”

### ၃၀ ဂရမ်ခန့် စားသုံးသင့်

ပဲတွင်ပါဝင်သော ပရိုတင်းဓာတ် ၁၇-၄၀ ရာခိုင်နှုန်းစားသုံးခြင်းသည် အသားများတွင် ပါဝင်သော ပရိုတင်းဓာတ် ၁၈-၂၅ ရာခိုင်နှုန်း စားသုံးခြင်းနှင့် ညီမျှသောကြောင့် တစ်နေ့လျှင် ပဲနို့ဆီဘူး တစ်ဝက်ခန့် ပုံမှန်စားသုံးပေးခြင်းဖြင့် အမျှင်ဓာတ်၊ အသားဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်အပြင် အခြားသော ဓာတ်များ မျှတစွာရရှိနိုင်မည်ဖြစ်ကြောင်းကိုလည်း နိုင်ငံတကာစာတမ်းများမှ သိရှိရပါသည်။ ၎င်းအပြင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က လူတစ်ဦး တစ်ရက်လျှင် အနည်းဆုံး ပဲ ၃၀ ဂရမ်ခန့် စားသုံးသင့်ကြောင်းကိုလည်း အကြံပြုထားပါသည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရန်အတွက် သင့်တင့်မျှတသော ရေ၊ မြေ၊ ရာသီဥတု ရှိသည့်အပြင် တောင်သူများမှာလည်း ဝင်ငွေကောင်းမွန်စွာ ရရှိသော သီးနှံဖြစ်သောကြောင့် ပြည်တွင်းစားသုံးမှု လုံလောက်သည့်အပြင် ပြည်ပသို့တင်ပို့လျက်ရှိပါသည်။ ပဲမျိုးစုံကို ပြည်ပတင်ပို့ရာတွင် သီးနှံ၏ ကုန်ကြမ်းကိုသာ တင်ပို့နိုင်ခြင်း၊ ဈေးကွက်တည်ငြိမ်မှုမရှိခြင်း၊ တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးရန် လိုအပ်နေခြင်းတို့သည် အနာဂတ်စိန်ခေါ်မှုများ ဖြစ်နေပါသည်။ ၎င်းအပြင် ပဲအခြေခံ စားသောက်ကုန်မျိုးစုံ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသန ဆောင်ရွက်ခြင်း၊ ပဲစားသုံးမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာဖြန့်ဝေခြင်း စသည်တို့ကိုလည်း ပိုမိုဆောင်ရွက်ရပါမည်။

### သုတေသန စစ်တမ်းကောက်ယူခဲ့

လူတစ်ဦးချင်း၏ ပဲစားသုံးမှုကို သိရှိနိုင်ရန် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်ကောင်စီနယ်မြေ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ မြို့ပြနှင့် ကျေးလက်တွင် နေထိုင်သော နမူနာအိမ်ထောင်စုအရေအတွက် ၁၅၆၃ စုအား ပဲစားသုံးမှုနှင့်ပတ်သက်သည့် သုတေသနစစ်တမ်းကောက်ယူခဲ့ပါသည်။ သုတေသန ဆောင်ရွက်ရာတွင် (က) မြန်မာနိုင်ငံ၏ လူတစ်ဦး ပဲစားသုံးမှု ပမာဏကို သိရှိရန်၊ (ခ) ပြည်တွင်းပဲစားသုံးမှုပုံစံ၊ ပဲစားသုံးမှုကုန်ကျစရိတ်၊ အကြိုက်ဆုံးနှင့် စားသုံးမှုအများဆုံးပဲများ အစရှိသည်တို့နှင့် စပ်လျဉ်းသည့် အချက်အလက်များရှာဖွေရန်နှင့် (ဂ) စုစုပေါင်း စားသောက်မှု ကုန်ကျစရိတ်တွင် ပဲစားသုံးမှုကုန်ကျစရိတ်ကို လေ့လာရန်စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။

သုတေသနတွေ့ရှိချက်များအရ လက်ရှိ ပဲစားသုံးမှုမှာ လူတစ်ဦး တစ်ရက်လျှင် ၃၇ ဒသမ ၈၂ ဂရမ် (၂ ဒသမ ၃ ကျပ်သား)၊ တစ်လလျှင် ၁ ဒသမ ၃ ကီလိုဂရမ် (သုည ဒသမ ၇ ပိဿာ)နှင့် တစ်နှစ်လျှင် ၁၃ ဒသမ ၆ ကီလိုဂရမ် (ရှစ်ပိဿာ) စားသုံးကြသည်ကို တွေ့ရှိရပါသည်။ မြန်မာလူမျိုးများ နှစ်သက်ပြီး အများဆုံးချက်ပြုတ်စားသောက်ကြသည့် ပဲများမှာ ကုလားပဲ၊ မတ်ပဲ၊ စားတော်ပဲ၊ ပဲကြီး၊ ပဲပုပ်၊ ထောပတ်ပဲနှင့် ပဲစင်းငုံတို့ဖြစ်ကြပါသည်။ ပြည်ပကို တင်ပို့ရောင်းချနေသော အဓိကပဲအမျိုးအစားများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲပုပ်၊ ထောပတ်ပဲ၊ ပဲလွမ်းနှင့် မြေထောက်ပဲတို့ ဖြစ်ကြပါသည်။ ထို့ကြောင့် ပဲပုပ်၊ ပဲစင်းငုံနှင့် ထောပတ်ပဲတို့သည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပတင်ပို့မှုပါ အရေးပါသောပဲများဖြစ်ပါသည်။

ပဲစားသုံးမှုပုံစံအနေဖြင့် အိမ်ထောင်စုအများစုသည် ပဲပြုတ်၊ ပဲဟင်းချိုနှင့် ပဲနှပ်တို့ကို ပိုမိုစားသုံးလေ့ရှိပါသည်။ ပဲစားသုံးမှုကုန်ကျစရိတ်မှာ အိမ်ထောင်စုများသည် တစ်လလျှင် ငွေကျပ် ၁၁၀၀၀ ကျော် သုံးစွဲပြီး ၎င်းစရိတ်မှာ ပျမ်းမျှ တစ်လဝင်ငွေ၏ ၃ ဒသမ ၇၆ ရာခိုင်နှုန်းနှင့် စုစုပေါင်း အစားအသောက်ကုန်ကျစရိတ်၏ ၆ ဒသမ ၁၉ ရာခိုင်နှုန်းခန့် သုံးစွဲကြောင်းကိုလည်း တွေ့ရှိခဲ့ရသည့်အတွက် ပဲစားသုံးရန် သုံးစွဲစရိတ်မှာ နည်းပါးနေသေးသဖြင့် ယခုထက် ပဲစားသုံးရန် ငွေကြေးကို ပိုမိုသုံးစွဲနိုင်သကဲ့သို့ ပမာဏကိုလည်း တိုး၍စားနိုင် (သို့မဟုတ်) စားသင့်သော အခြေအနေတွင် ရှိနေပါသည်။

လူအများစုသည် ပဲကို ထမင်းနှင့်အတူ တွဲဖက်၍ အရန်ဟင်းပုံစံမျိုး ချက်ပြုတ်စားသောက်ကြလေ့ရှိပါသည်။ အခြားစားသုံးမှုများအနေဖြင့် လက်ဖက်နှင့်တွဲဖက်၍ စားသုံးမှုသည်လည်း မြင့်မားကြောင်း တွေ့ရှိရပါသည်။ ပဲကြော်စားသုံးမှုမှာ လူတစ်ဦး တစ်လလျှင် သုည ဒသမ ၆၆ ပိဿာရှိပြီး ပဲပင်ပေါက်နှင့် ပဲပြားစားသုံးမှုမှာ တစ်ပတ်လျှင် နှစ်ကြိမ်၊ ပဲပြုတ်စားသုံးမှုမှာ တစ်ပတ်လျှင် နှစ်ကြိမ်၊ ကုလားပဲ၊ တိုဟူးစားသုံးမှုမှာ တစ်ပတ်လျှင် နှစ်ကြိမ် စားသုံးကြပါသည်။ ပဲဟင်းစားသုံးမှုအနေဖြင့် အိမ်ထောင်စုများသည် တစ်ပတ်လျှင် တစ်ကြိမ်မှ ငါးကြိမ်အတွင်း စားသုံးလျက်ရှိကြပါသည်။

သုတေသနလေ့လာမှုအရ ပဲသည် အာဟာရဆိုင်ရာတန်ဖိုး မြင့်မားသည့်အတွက်ကြောင့် “ပိုမိုစားသုံးသင့်သည်”ဟု ထင်မြင်သူ ၉၅ ရာခိုင်နှုန်းကျော်ရှိသည်ကို တွေ့ရှိရသည့်အပြင် ပဲနှင့်ပတ်သက်သည့် တန်ဖိုးမြှင့်ထုတ်ကုန်များကိုလည်း ပိုမိုထုတ်လုပ်သင့်သည်ဟု အိမ်ထောင်စုများက အကြံပြုခဲ့ကြပါသည်။ ပဲအမျိုးမျိုးကို စားသောက်ဖွယ်အမျိုးမျိုး၊ သရေစာမုန့်အမျိုးမျိုးနှင့် ဖျော်ရည်အမျိုးမျိုးအပြင် ပဲငံပြာရည်၊ ဟင်းခတ်မှုန့်၊ အသင့်စား အစားအစာ၊ တိရစ္ဆာန်အစားအစာထုတ်ကုန်၊ ပဲအခြေခံ နို့နှင့် နို့ထွက်ပစ္စည်း အစားထိုးထုတ်ကုန်များအပြင် ခေါက်ဆွဲ၊ ဘီစကစ်၊ ပေါင်မုန့်ပြုလုပ်ရာတွင် ပဲမှုန့်အား ရောနှော၍ သုံးခြင်းနှင့် ဖြည့်စွက်စာများ စသည့် အမည်သစ်များ ချဲ့ထွင်ထုတ်လုပ်သင့်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းကို အားပေးဆောင်ရွက်သင့်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် လူတစ်ဦး တစ်နှစ်လျှင် ၁၃ ဒသမ ၆ ကီလိုဂရမ် (ရှစ်ပိဿာ) စားသုံးနေသည့် ပမာဏအရ ပြည်တွင်းစားသုံးမှု၌ ဖူလုံရုံသာမက အာဟာရပြည့်ဝစေရန်အတွက် “ပဲ” ကို နေ့စဉ်စားသုံးသင့်ကြောင်း တိုက်တွန်းအပ်ပါသည်။ ။



ပဲတီစိမ်းသီးနှံ ရိတ်သိမ်းဆွတ်ခူးနေသည့် တောင်သူများကို တွေ့ရစဉ်။

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယဥက္ကဋ္ဌဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်ဟောင်း ဦးဆန်းနိုင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

**နေပြည်တော် မေ ၁၉**

နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများအပေါ် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

**ငွေကျပ်သိန်း ၁၈၀၀၀ ကျော် နစ်နာဆုံးရှုံး**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ကော်မတီဝင်(၅)ဟောင်းဦးဆန်းနိုင်တို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ပုဗ္ဗသီရိမြို့နယ် ဉာဏဒီပရပ်ကွက်ရှိ မြေကွက် ၉၆ ကွက် ဖော်ထုတ်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းတို့ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် မေ ၄ ရက် ရက်စွဲပါစာအမှတ်၊ ၁၂၆(၁)/၈/သမ္မတရုံးဖြင့် ထုတ်ပြန်ထားသော နိုင်ငံတော်ပိုင်မြေကွက်များ ရောင်းချရငွေများကို နိုင်ငံတော်သို့သာ ပေးအပ်ရန် ဟူသော ညွှန်ကြားချက်နှင့် နိုင်ငံတော်သမ္မတရုံး၏ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တို့ကို လိုက်နာခြင်းမရှိဘဲ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ အထွေထွေ မြေကွက်များ ရောင်းချရသည့်ငွေမှ ငွေကျပ် သိန်း ၁၈၀၀၀ ကျော်ကို သုံးစွဲခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ငွေကျပ်သိန်း ၁၈၀၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာ မျိုးအောင်၊ ကော်မတီဝင် (၅)ဟောင်း ဦးဆန်းနိုင်တို့သည် ပုဗ္ဗသီရိမြို့နယ် ဉာဏဒီပရပ်ကွက်ရှိ မြေကွက် ၉၆ ကွက် ဖော်ထုတ်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းတို့ကို ဆောင်ရွက်ရာတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်ပေးရန် မလိုသည့် ပုဂ္ဂလိကပိုင်မြေ ၉၆ ကွက်ကို မြေကြီး Level ညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အနေဖြင့် ပြည်သူ့ဘဏ္ဍာ ငွေကျပ်သိန်း ၇၈၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာ မျိုးအောင်၊ ကော်မတီဝင်(၅)ဟောင်း ဦးဆန်းနိုင်တို့သည် ဒက္ခိဏသီရိမြို့နယ် ထန်းတပင် တောရကျောင်းအနီး မြေကွက် ၃၅ကွက် ဖော်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီအနေဖြင့် ဆောင်ရွက်ပေးရန်မလိုသည့် ပုဂ္ဂလိကပိုင်မြေ ၃၅ ကွက်ကို မြေကြီး Level ညှိခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော် အနေဖြင့် ပြည်သူ့ဘဏ္ဍာ ငွေကျပ်သိန်း ၃၉၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း။

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာ မျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦးတို့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မိုးသောက်ပန်းလမ်းအတွင်းရှိ မြေ ဝ ဒသမ ၇၅ ဧကကို စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်မည့် ပုဂ္ဂိုလ်တစ်ဦးကို ခွင့်ပြုချထားပေးခဲ့ရာတွင် နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၉ အရ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်ရယူမှုမရှိခြင်း၊ အများပြည်သူများသို့ စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest– EOI) ခေါ်ယူပြီး ပွင့်လင်းမြင်သာစွာ ကြော်ငြာ ရောင်းချမှုမရှိဘဲ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှု အစည်းအဝေးဖြင့်သာ ဆုံးဖြတ်၍ ငွေကျပ်သိန်း ၁၀၀၀ နှုန်းဖြင့် ရောင်းချခဲ့ခြင်းကြောင့် နိုင်ငံတော်မှ ငွေကျပ်သိန်း ၅၀၀ ခန့်နစ်နာခဲ့ကြောင်း။

**တရားစွဲဆို**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာ မျိုးအောင်၊ ဒုတိယမြို့တော်ဝန်ဟောင်း ဦးရဲမင်းဦးတို့သည် နေပြည်တော်မြို့မဈေး အငြိမ်းစားဝန်ထမ်းအိမ်ရာအနီး ပျဉ်းမနား–တောင်ညိုလမ်း၏ တောင်ဘက်ရှိ မြေကေ ငါးကေကျော်ကို Shopping Mall ဖွင့်လှစ်လုပ်ကိုင်နိုင်ရန် ကုမ္ပဏီတစ်ခုသို့ ရောင်းချပေးရာတွင် နေပြည်တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၉ အရ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခွင့်ပြုချက်ရယူမှု မရှိခြင်း၊ အများပြည်သူများသို့ စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest– EOI) ခေါ်ယူ၍ ပွင့်လင်းမြင်သာစွာ ကြော်ငြာ၍ ရောင်းချမှုမရှိဘဲ မြေငါးဧကကို တစ်ဧကလျှင် ငွေကျပ်သိန်း ၁၀၀၀ နှုန်းဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှု အစည်းအဝေးဖြင့်သာ ဆုံးဖြတ်၍ ရောင်းချခဲ့ခြင်းကြောင့် နိုင်ငံတော်မှ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀၀ ခန့် နစ်နာခဲ့ကြောင်းတို့ စစ်ဆေးပေါ်ပေါက်သဖြင့် နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့တော်ဝန်ဟောင်း ဒေါက်တာမျိုးအောင်၊ ဒုတိယ မြို့တော်ဝန်ဟောင်း ဦးရဲမင်းဦးနှင့် ကော်မတီဝင်(၅)ဟောင်း ဦးဆန်းနိုင် တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ နေပြည်တော်ကောင်စီနယ်မြေ အမှတ် (၁) မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်း ပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့် မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ် ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်နေ ဝေဘုန်းဟန်သည် ၎င်းအသုံးပြုသည့် “ဝေဘုန်းဟန်” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ မင်းခန့်စိုးသည့် ၎င်းအသုံးပြုသည့် “မင်းခန့်စိုး” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်နေ နှင်းနှင်းစိုး (ခ)နှင်းနှင်းသည် ၎င်းအသုံးပြုသည့် “နှင်းနှင်း” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်ဖြူကျေးရွာနေ ထက်ထက်အောင်သည် ၎င်းအသုံးပြုသည့် “ထက်ထက်အောင်” Facebook အကောင့်၊ ကျောက်ဆည်မြို့နယ် ဆူးကုန်းရပ်ကွက်နေ နိုင်ခန့်အောင်(ခ)ဝက်မဲသည် ၎င်းအသုံးပြုသည့် “နိုင်ခန့်အောင်” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် စမ်းချောင်းကျေးရွာနေ အေးအေးချိုသည် ၎င်းအသုံးပြုသည့် “အေးအေးချို” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆*ကျောဖုံးမှ*

PDF အမည်ခံ အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းသည် ၎င်း၏ နေအိမ်တံခါးဝ၌ ရှိနေစဉ် အဆိုပါ နေအိမ်ရှေ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး သေနတ်ဖြင့် ပစ်ခတ် ထွက်ပြေးသွားခဲ့သဖြင့် ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းတွင် နောက်ကျော ကျည်ထိမှန်ဒဏ်ရာ သုံးချက်၊ ရင်ညွန့်ကျည်ထိမှန် ဒဏ်ရာတစ်ချက်တို့ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ စာသင်ကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက် သမားများကို ဖော်ထုတ် ဖမ်းဆီးရမိရေးနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံ လုံခြုံရေး တပ်ဖွဲ့ဝင်များက ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ဟာလန်းကို စာချုပ်လျော်ကြေးပေးချေကာ အီတီဟက်သို့ ခေါ်ယူရန် နီးစပ်နေသည့် မန်စီးတီး


ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဂျာမန်ကလပ် ဒေါ့မွန်အသင်းမှ တိုက်စစ်ကစားသမား ဟာလန်းအတွက် စာချုပ်လျော်ကြေး ယူရို ၇၅ သန်း ပေးချေကာ အီတီဟက်သို့ ခေါ်ယူရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂွါဒီယိုလာ၏ မန်စီးတီးအသင်းသည် အသက် ၂၁ နှစ်အရွယ် တိုက်စစ်ကစားသမားအတွက် တစ်ပတ်လုပ်အားခ ပေါင် ၅၀၀၀၀၀ ဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေသောကြောင့် ဟာလန်းကို ခေါ်ယူရေးတွင် အခြားသော အသင်းများထက် လက်ဦးမှုရရှိရန် နီးစပ်နေသည်။ အဆိုပါ ဒေါ့မွန်ကြယ်ပွင့်ကို မန်စီးတီးအသင်းအပြင် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ဟာလန်းအနေဖြင့် ဒေါ့မွန်အသင်းတွင် သက်တမ်းတိုးနိုင်ဖွယ်ရှိသော်လည်း မန်စီးတီးအသင်းက အီတီဟက်သို့ ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလတွင် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကို ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း သိရသည်။

ဟာလန်းသည် ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၈၅ ပွဲ တွင် ၈၂ ဂိုးအထိ သွင်းယူပေးထားသည်။

**အောင်ဇော်**



# အာရှ၏ အငယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော တီမောလက်စ်တေနိုင်ငံ သမ္မတရွေးကောက်ပွဲကျင်းပ

**ဂျကာတာ မေ ၁၉**

အာရှ၏ အငယ်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သော တီမောလက်စ်တေသည် မေ ၁၉ ရက်က ဒုတိယနှင့် နောက်ဆုံးအကျော့ သမ္မတရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ သမ္မတရွေးကောက်ပွဲတွင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဂျို့စ်ရာမော့စ်ဟော်တာ(ဝဲပုံ)နှင့် လက်ရှိသမ္မတ ဖရန်စစ္စကို ဂူတားရက်စ်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း ပြည်တွင်း သတင်းဖော်ပြချက်များအရ သိရသည်။

လတ်တလောတွင် လူဦးရေ ၁ ဒသမ ၃ သန်းရှိသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် တီမောလက်စ်တေတွင် မဲဆန္ဒရှင် ၈၆၀၀၀၀ မဲပေးခဲ့ကြသည်။

လွန်ခဲ့သောလ ပထမအကျော့ ဆန္ဒမဲခံယူပွဲတွင် ရာမော့စ်ဟော်တာသည် ထောက်ခံမဲ ၄၆ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထောက်ခံမဲ ၂၂ ဒသမ ၁ ရာခိုင်နှုန်းသာရှိသော ဂူတားရက်စ်ကို ကျော်လွန်ခဲ့ကြောင်း ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

ရာမော့စ်ဟော်တာသည် တီမောလက်စ်တေ တည်ထောင်သူဖခင်များထဲမှ တစ်ဦးဖြစ်ပြီး သမ္မတဟောင်းတစ်ဦးလည်းဖြစ်ကာ တီမောပြန်လည်တည်ဆောက်ရေးပါတီ၏ ထောက်ခံမှုကိုလည်း ရရှိထားသူဖြစ်သည်။ ဂူတားရက်စ်ကိုလည်း တီမောအရှေ့အလယ်ပိုင်းလွတ်လပ်ရေးပါတီက ထောက်ခံပေးထားသည်။

ဆန္ဒမဲရေတွက်မှုများသည် ရက်အနည်းငယ်ကြာမြင့်ဦးမည်ဖြစ်သည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ လတ်တလောတွင် ကိုဗစ်-၁၉ ကူးစက်မှု အနည်းငယ်ပြန်လည်မြင့်တက်လာ

**နယူးဒေလီ မေ ၁၉**

အိန္ဒိယနိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၂၄၇ ဦးရှိလာမှုနှင့်အတူ မေ ၁၉ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၁၄၅၅၂၇ ဦးအထိ တိုးလာခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် တစ်ဦးထပ်မံသေဆုံးခဲ့သောကြောင့် ကိုဗစ်-၁၉ ဖြင့်သေဆုံးသူပေါင်း ၅၂၁၉၆၆ ဦးအထိရှိလာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီက လတ်တလောကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၁၈ ဦးမြင့်တက်လာမှုနှင့်အတူ အိန္ဒိယနိုင်ငံတစ်ဝန်း လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူပေါင်း ၁၁၈၆၀ ရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ လွန်ခဲ့သော နှစ်လကျော်ကာလအတွင်း ကျဆင်းခဲ့သော်လည်း လတ်တလောတွင် ပြန်လည်မြင့်တက်လာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာပြီး ဆေးရုံမှ ဆင်းလာသူပေါင်းမှာလည်း ၄၂၅၁၁၇၀၁ ဦးအထိရှိလာခဲ့သည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၃၉၆၁၆၅ ဦးအထိရှိလာ

**ကွာလာလမ်ပူ မေ ၁၉**

မလေးရှားနိုင်ငံတွင် မေ ၁၈ ရက် ညသန်းခေါင်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၁၄၀ ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၃၉၆၁၆၅ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ပြည်ပပြန် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၆၄ ဦးရှိပြီး ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၆၈၇၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သော ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၆ ဦး ထပ်မံသေဆုံးခဲ့သဖြင့် စုစုပေါင်း ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၃၅၄၃၇ ဦးရှိလာခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်းမှာလည်း ယခုအခါတွင် ၄၂၆၄၁၂၇ ဦးအထိရောက်ရှိလာခဲ့သည်။

မလေးရှားနိုင်ငံတွင် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၉၆၆၀၁ ဦးရှိပြီး ၎င်းတို့အနက် ၁၁၀ မှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၆၈ ဦးမှာ အသက်ရှူအထောက်အကူလိုအပ်လျက်ရှိသည်။

မေ ၁၈ ရက်တစ်ရက်တည်း ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၅၅၆၄၂ ထိုးပေးနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။ ယခုအချိန်ထိ ကိုဗစ်-၁၉ အနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၆ ရာခိုင်နှုန်းရှိလာပြီး ကာကွယ်ဆေးအပြည့်အဝထိုးနှံပြီးသူပေါင်းမှာလည်း နိုင်ငံလူဦးရေ၏ ၈၀ ဒသမ ၅ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။ ထို့အတူ အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူပေါင်းမှာလည်း ၄၈ ဒသမ ၉ ရာခိုင်နှုန်းရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံ၌ စက်သုံးဆီဈေးနှုန်း စံချိန်တင် မြင့်တက်

**ကိုလံဘို မေ ၁၉**



သီရိလင်္ကာနိုင်ငံ၌ ဆိုင်ကယ်တစ်စီးအား ဆီဖြည့်ပေးနေသည်ကို တွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံပိုင် ဆိုင်လွန်ရေနံကော်ပိုရေးရှင်းက ၎င်း၏ ရေနံဈေးနှုန်းများကို မေ ၁၈ ရက်မှစကာ မှတ်တမ်းတင်ဖော်ပြရသည့် ပမာဏအထိ တိုးမြှင့်လိုက်သည်။

နောက်ဆုံး ဈေးနှုန်းမြင့်တက်မှုနှင့်အတူ အောက်တိန်း ၉၂ ဈေးနှုန်းသည် တစ်လီတာလျှင် သီရိလင်္ကာရူပီး ၃၃၈ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၄) အထိ စံချိန်တင် မြင့်တက်လာခဲ့သည်။ ထို့အတူ ဒီဇယ်ဈေးနှုန်းမှာလည်း တစ်လီတာလျှင် သီရိလင်္ကာရူပီး ၂၈၉ အထိ မြင့်တက်လာခဲ့သည်။

စက်သုံးဆီများကို သတ်မှတ်နှုန်းထားထက် လျှော့နည်းရောင်းချခဲ့သည့်အတွက် တစ်နေ့လျှင် ရူပီး ၈၀၀ မှ ၁၀၀၀ ကြား ဆုံးရှုံးလျက်ရှိကြောင်း ဆိုင်လွန်ရေနံကော်ပိုရေးရှင်းဥက္ကဋ္ဌ ဆူမစ်ဝီဂျက်ဆင်ဟီက လွန်ခဲ့သော သီတင်းပတ်က ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ဆိုင်လွန်ရေနံကော်ပိုရေးရှင်းအနေဖြင့် စက်သုံးဆီဈေးနှုန်း တိုးမြှင့်ခဲ့သည်မှာ ပထမဆုံးအကြိမ် မဟုတ်ပေ။ ဆိုင်လွန် ရေနံကော်ပိုရေးရှင်းသည် မေ ၁၅ ရက်က စက်သုံးဆီခွဲတမ်းစနစ်ကို ကျင့်သုံးခဲ့သည်။

ဆင်ဟွာ

## ပါကစ္စတန်တောင်ပိုင်း၌ မီးအကြီးအကျယ်လောင်မှုဖြစ်ပွား ကလေးငယ်များအပါအဝင် ကိုးဦးသေဆုံး

**အစ္စလမ္မာဘတ် မေ ၁၉**

ပါကစ္စတန်တောင်ပိုင်း ဒါဒူပြည်နယ်တွင် အိမ်အလုံး ၇၀ ကျော် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ကလေးငယ်များအပါအဝင် ကိုးဦးသေဆုံးခဲ့ပြီး လူအတော်များများ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာ အစီရင်ခံစာများတွင် ဖော်ပြထားသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရွာသားများ၏ မီးဖိုများမှ မီးများ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားပြီးနောက် ရွာသုံးရွာ၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။



ပါကစ္စတန်တောင်ပိုင်း ဒါဒူပြည်နယ်ရှိ ကျေးရွာတစ်ရွာတွင် မီးလောင်နေသည်ကို တွေ့ရစဉ်။

ကျေးရွာ ရွာသားများသည် အိမ်ပြင်ဘက် မီးဖိုများတွင် ထင်းမီးအသုံးပြုကာ ချက်ပြုတ်စားသောက်ခဲ့ရာမှ နေရာသုံးခုသို့ မီးကူးစက် လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးအကြီးအကျယ်လောင်ကျွမ်းမှုကြောင့် အိမ်အလုံးပေါင်း ၇၀ ကျော် မီးဘေးသင့်ခဲ့သည်။

မီးလောင် ကျွမ်းမှုကြောင့် သေဆုံးသူများတွင် နေအိမ်အတွင်းအိပ်ပျော်နေသော ကလေးငယ် ငါးဦးထက်မနည်း ပါဝင်ခဲ့သည်။

ဒေသတွင်း စေတနာ့ဝန်ထမ်းများသည် ကယ်ဆယ်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခဲ့ကြပြီး ဒဏ်ရာရရှိသူများကို အနီးရှိ ဆေးရုံသို့ပို့ပေးခဲ့သည်။

ဆင်ဟွာ

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ နှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၉**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့နယ်ရှိ သီရိနန္ဒဝတီကုန်းတော် ဘုန်းတော်ကြီးကျောင်းနှင့် မင်္ဂလာရန်အောင်ဘုန်းတော်ကြီးကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ အောင်မင်္ဂလာတပ်ဦးကျောင်း၊ ဇေယျာသုခဘုန်းတော်ကြီးကျောင်းနှင့် ပါဘောဘုန်းတော်ကြီးကျောင်း၊ မွန်ပြည်နယ် သထုံမြို့ရှိ ပုဗ္ဗါရုံပရိယတ္တိစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ မဟာရန်ကင်းတောင်ကျောင်းတိုက်နှင့် ရေကြည်မင်္ဂလာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စလေကျေးရွာအုပ်စု၊ အင်ကြင်းမြိုင်ကျေးရွာရှိ ဓမ္မာမကကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြပြီး ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဧပြီ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အောင်မင်္ဂလာသိဒ္ဓိ ရွှေကျောင်းတိုက်သို့လည်းကောင်း၊ (ယာပုံ) စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ရှိ မစိန်တောရကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ နန်းတော်ရာကျောင်းတိုက်သို့ လည်းကောင်း၊




မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ စလင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မစိုးရိမ်ပရိယတ္တိစာသင်တိုက်(၉-မိုင်) သို့ လည်းကောင်း၊ ရှမ်းပြည်နယ် သီပေါမြို့နယ်ရှိ နန်းဦးစေတီ ပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဧပြီ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ



နှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၁၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၄၂၅ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၅၄၃၁၀ နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၂၈ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အုတ်တွင်းမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အသက်(၁၅)နှစ်မှ (၁၈)အထိ တိုးချဲ့ကွင်းဆင်းဆောင်ရွက်ပေး

**အုတ်တွင်း ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၁၅ နှစ်မှ ၁၈ နှစ်အထိ သံဃာများကို ယနေ့နံနက်ပိုင်းတွင် ရပ်ကွက်၊ ကျေးရွာများရှိ ဘုန်းတော်ကြီး ကျောင်းများသို့ လိုက်လံကွင်းဆင်းထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အမျိုးအစား Sinovac ကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများမှ အသက် ၁၅ နှစ်မှ ၁၈ နှစ်အရွယ် သံဃာများနှင့်သီလရှင်ကျောင်းများမှ သံဃာ ၈၂ ပါး၊ ရွှေကျင်ကျောင်းတိုက် စာသင်ကျောင်းမှ သံဃာအပါး ၂၀၊ ညောင်ခြေထောက်ပစ္ဆိမရုံ စာသင်တိုက်မှ သံဃာ ၃၅ ပါး၊ ဥယျာဉ်တော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ သံဃာ ၁၃ ပါး၊ ရွှေဘုံသာကျောင်းတိုက်မှ သံဃာ ၁၂ ပါးနှင့်ဈေးကျောင်းမှ သံဃာ နှစ်ပါး၊ စုစုပေါင်း၈၂ ပါးတို့အား လိုက်လံကွင်းဆင်း ထိုးနှံဆောင်ရွက်ပေးသည်။

အုတ်တွင်းမြို့နယ်အတွင်း အသက် ၁၅ နှစ်မှ ၁၈ နှစ်အရွယ်အထိ ပြည်သူစုစုပေါင်း ၉၇၉၁ ဦးအား ဆက်လက်ကွင်းဆင်းထိုးနှံဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ဒေါက်တာကျော်မိုးထံမှ သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ လူငယ်ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်အဖြစ် ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကျင်းပ

**လောင်းလုံး ဧပြီ ၁၉**

နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် အသိပညာဗဟုသုတများတိုးပွား၍ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်လူရွယ်များဖြစ်လာကြစေရန် ရည်ရွယ်၍ ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ယနေ့နံနက် ၁၀ နာရီက လောင်းလုံးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ဦးစီးအရာရှိ ဒေါ်မေဇင်ဦးက "လူငယ်နှင့်ရည်မှန်းချက်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက မိမိတို့၏စာဖတ်စွမ်းရည်များ ယှဉ်ပြိုင်ကြပြီး ဖတ်ရှုသည့် အကြောင်းအရာများအပေါ် အတွေးအမြင်၊ အယူအဆများဖလှယ်ခဲ့ကြရာ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာဖတ်ရှုလေ့လာ၊ ငှားရမ်းကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကိုဆက်တိုက် ဖွင့်ထားခြင်းက မီတာခပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

## မိုင်းရယ်မြို့နယ်၌ ရှင်သာမဏေများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံ

**မိုင်းရယ် ဧပြီ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ကိုဗစ်–၁၉ ကာကွယ်ဆေးများကို မြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများရှိ အသက် ၁၅ နှစ်နှင့်၁၈ နှစ်ကြားရှိ ရှင်သာမဏေများအား ယနေ့နံနက်ပိုင်းမှစ၍ စတင်ထိုးနှံလျက်ရှိသည်။

မိုင်းရယ်မြို့နယ်တွင် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား ကာကွယ်ဆေးထိုးနှံရန် ရှင်သာမဏေနှင့်သီလရှင် စုစုပေါင်း ၃၆၅ ပါးရှိပြီး ယနေ့တွင် မိုင်းရယ်မြို့ဆိုင်မိန်း ဘုန်းတော်ကြီးကျောင်း၊ သီရိစွမ်ဆိုင် ဘုန်းတော်ကြီးကျောင်း၊ ဝါဆိုကျောင်းနှင့် အောင်စေတီ ကျောင်းများမှ



ရှင်သာမဏေများအား ကာကွယ်ဆေးထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တပ်ရင်းတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

**ကျော်ဇင်ထိုက်**

# မေ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၆ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

**(၁၉–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၄၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၅၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၅၄) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၄၈,၈၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၆၅၈) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၅၀၇) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၉–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၀၈) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၈) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၂၉၂) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၄၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၉၂၄) ခု | (၃၅) ဦး |
| **စုစုပေါင်း** | (၁၀,၃၄၅) ခု | (၅၆) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၉-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၃၇၇၁၅၆ | ၈၀၂၄၄၀၉၃ | ၁၀၁၅၇၉၀ |
| ၂။ | အိန္ဒိယ | ၄၃၀၄၅၅၂၇ | ၄၂၅၁၁၇၀၁ | ၅၂၁၉၉၆ |
| ၃။ | ဘရာဇီး | ၃၀၂၆၁၀၈၈ | ၂၉၂၆၂၄၈၃ | ၆၆၂၀၇၆ |
| ၄။ | ပြင်သစ် | ၂၇၇၉၀၈၃၄ | ၂၅၁၃၂၃၀၃ | ၁၄၄၂၀၅ |
| ၅။ | ဂျာမနီ | ၂၃၄၅၇၅၉၆ | ၂၀၃၄၇၉၀၀ | ၁၃၃၄၃၇ |
| ၆။ | ဗြိတိန် | ၂၁၇၄၇၆၃၈ | ၂၀၄၀၅၃၁၇ | ၁၇၁၃၉၆ |
| ၇။ | ရုရှား | ၁၈၀၉၂၇၉၁ | ၁၇၄၀၇၂၂၈ | ၃၇၃၉၄၈ |
| ၈။ | တောင်ကိုရီးယား | ၁၆၄၇၁၉၄၀ | စိစစ်ဆဲ | ၂၁၃၅၄ |
| ၉။ | အီတလီ | ၁၅၇၃၀၆၇၆ | ၁၄၃၅၂၀၆၇ | ၁၆၁၇၆၆ |
| ၁၀။ | တူရကီ | ၁၄၉၉၉၄၇၉ | ၁၄၇၆၃၈၇၆ | ၉၈၅၈၇ |

## ၁၉-၄-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၄၈၉၃၁၉ | ၉၀၆၅၆၉၄ | ၄၂၉၇၅ |
| အင်ဒိုနီးရှား | ၆၀၄၁၂၆၉ | ၅၈၃၆၃၁၀ | ၁၅၅၉၃၇ |
| မလေးရှား | ၄၃၉၆၁၆၅ | ၄၂၆၄၁၂၇ | ၃၅၄၃၇ |
| ထိုင်း | ၄၀၆၃၈၄၄ | ၃၈၃၉၃၆၀ | ၂၇၁၃၈ |
| ဖိလစ်ပိုင် | ၃၆၈၃၃၆၇ | ၃၆၀၄၅၇၀ | ၅၉၉၈၂ |
| စင်ကာပူ | ၁၁၆၂၇၈၀ | ၁၀၉၇၃၀၀ | ၁၃၁၆ |
| မြန်မာ | ၆၁၂၆၅၈ | ၅၉၁၅၀၇ | ၁၉၄၃၄ |
| လာအို | ၂၀၁၄၆၀ | ၁၉၈၉၈၈ | ၇၂၇ |
| ဘရူနိုင်း | ၁၄၀၃၆၄ | ၁၃၉၁၈၇ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၀၉၀ | ၁၃၂၈၀၁ | ၃၀၅၅ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
အိမ်တွင်သာ
နေပါ

# ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးရေးနဲ့ နိုင်ငံရေး

## ငြိမ်းချမ်းရေးလိုလားသူ ဖွံ့ဖြိုးရေးလုပ်သားတစ်ဦး

နယ်လ်ဆင်မင်ဒဲလားအကြောင်းကို တိုးအောင်(ဆေး-မန်း) ရေးတဲ့ "ရန်သူများနှင့် ကစားခြင်း" စာအုပ်ကို ဖတ်ပြီးချိန်မှာ ကျွန်တော် ဒီ "ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး" ဆောင်းပါးရေးဖို့ စိတ်ပြင်းပြလာပါတယ်။ ရေးဖြစ်ခဲ့ပါတယ်။ ရန်သူကို ခွင့်လွှတ်ပြီး၊ လေးစားပြီး၊ ဂုဏ်ပြုပြီး အသေအကျေတိုက်မယ့် လက်နက်ကိုင်လမ်းစဉ်ကို မရွေးဘဲ ဆွေးနွေးမှုလမ်းစဉ်ကို ရွေးပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ခဲ့မှု၊ စစ်ကို တားဆီးခဲ့မှုတွေ သမိုင်းမှာ သာဓကရှိတာပဲလေ။ ကျွန်တော်တို့နိုင်ငံ လုပ်နိုင်တယ်လို့ ယုံကြည်ပါတယ်။

### ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ဆိုရင်

ဘယ်နိုင်ငံမှာဖြစ်ဖြစ် ဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ဆိုရင် ငြိမ်းချမ်းမှ ဆောင်ရွက်လို့ရမယ်။ ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်မှ ဖွံ့ဖြိုးမှာပေါ့။ မငြိမ်းချမ်းတဲ့ဒေသတွေဆိုရင် တရားဥပဒေစိုးမိုးမှုမရှိ၊ အုပ်ချုပ်တဲ့ အစိုးရက နယ်မြေစိုးမိုးမှုမရှိဘဲ ဒေသအလိုက်တည်ရှိနေတဲ့ EAO တွေက နယ်မြေစိုးမိုးထားရင် ဖွံ့ဖြိုးရေးလုပ်ရတာခက်ပါတယ်။ ဖွံ့ဖြိုးဖို့ အတားအဆီးတွေများပါတယ်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးမယ်၊ ဖွံ့ဖြိုးမှ ငြိမ်းချမ်းမယ်ဆိုတာလည်း အပြန်အလှန်ချိတ်ဆက်နေတဲ့ သဘောတရားပဲဖြစ်ပါတယ်။ ငြိမ်းချမ်းမှ ဖွံ့ဖြိုးရေးတွေလုပ်တော့မှာလား... မငြိမ်းချမ်းသေးမီ ကြားကာလတွေမှာ ဘာတွေလုပ်နိုင်လဲ၊ ပုံမှန်က ဘယ်လိုခွဲထွက်ဆောင်ရွက်မလဲ စဉ်းစားသင့်ပါတယ်။

ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ခဲ့တဲ့ နေရာမှာ သက်ဆိုင်ရာ EAO တွေ၊ အပစ်အခတ်ရပ်စဲရေး သဘောတူရေးထိုးထားတဲ့ EAO တွေ၊ ၎င်းတို့ တရားဝင်ဖွဲ့ထားတဲ့ ဆက်ဆံရေးရုံးတွေနဲ့ ဆောင်ရွက်လို့ ရ/ မရ၊ ဆောင်ရွက်ခွင့်ရပါက ပြည်သူတွေ လိုအပ်နေတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်လိုကြောင်း၊ သဘောတူလက်ခံပါက ဆောင်ရွက်ပြီး သဘောမတူ လက်မခံပါက လုံခြုံရေးအာမခံချက်မရှိတဲ့အတွက် မလုပ်သေးဘဲ လုပ်လို့ရတဲ့အထိ စောင့်ကာ ဆောင်ရွက်ခဲ့ကြပါတယ်။

ဒီလို ညှိနှိုင်းဆောင်ရွက်တဲ့အခါမှာ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းရှင်းလင်းပွဲ၊ စီမံကိန်းမိတ်ဆက်ပွဲတွေမှာ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့တွေက ဦးဆောင်ကျင်းပပြီး ဒေသမှာရှိတဲ့ EAO အဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေကို တရားဝင်ဖိတ်ကြားရှင်းလင်းဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ဆောင်ရွက်မယ့်စီမံကိန်း Design အကြောင်း၊ ဆောင်ရွက်မယ့် နည်းလမ်းတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ပြည်သူတွေကိုယ်တိုင် ပါဝင်ဆုံးဖြတ်အကောင်အထည်ဖော်ရမယ့်လုပ်ငန်းတွေကို ပွင့်လင်းမြင်သာစွာ ကြိုတင်အသိပေးရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။ CDD စီမံကိန်းကို တစ်နိုင်ငံလုံး ၆၃ မြို့နယ်မှာ ဆောင်ရွက်ခဲ့ပါတယ်။ စီမံကိန်းက မြို့နယ်မှာရှိတဲ့ ကျေးရွာအားလုံးဆောင်ရွက်ပေးတာ လေးနှစ်ဆက်တိုက် ဆောင်ရွက်တာမို့ EAO ရှိတဲ့ဒေသတွေမှာ ညှိနှိုင်းဆောင်ရွက်ခဲ့ရပါတယ်။ ၆၃ မြို့နယ်အနက် လုံခြုံရေးကန့်သတ်ချက်အချို့ရှိတဲ့ EAO တွေနဲ့ ဆက်စပ်နေတဲ့ မြို့နယ် ၂၄ မြို့နယ် ပါဝင်အကောင်အထည်ဖော်ခဲ့ပါတယ်။

အဲဒီဒေသတွေကတော့ ကချင်ပြည်နယ်မှာ ပူတာအို၊ မိုးကောင်း၊ ရွှေကူ၊ ကယားပြည်နယ်မှာ လွိုင်ကော်၊ ရှားတော၊ ဖရူဆို၊ ဘော်လခဲ၊ ဖားဆောင်း၊ မယ်စဲ့၊ ကရင်ပြည်နယ်မှာ ကြာအင်းဆိပ်ကြီး၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ချင်းပြည်နယ်မှာ ပလက်ဝ၊ မွန်ပြည်နယ်မှာ ဘီးလင်း၊ ပဲခူးတိုင်းဒေသကြီးမှာ ကျောက်ကြီး၊ ရွှေကျင်၊ ရခိုင်ပြည်နယ်မှာ ပုဏ္ဏားကျွန်း၊ အမ်း၊ တနင်္သာရီတိုင်းဒေသကြီးမှာ တနင်္သာရီ၊ ရှမ်းပြည်နယ်မှာ ဆီဆိုင်၊ နမ့်ဆန်၊ မောက်မယ်၊ မိုင်းခတ်၊ မဘိမ်း တို့ပဲဖြစ်ပါတယ်။ ဒီမြို့နယ်တွေရဲ့ အချို့နယ်မြေဧရိယာမှ ကျေးရွာအချို့ကို EAO တွေ တည်ရှိလှုပ်ရှားနေထိုင်ပြီး တချို့လွတ်လပ်စွာသွားရ၊ တချို့ညှိနှိုင်းသွားရလို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

### စီမံကိန်းရဲ့ အခြေခံစည်းမျဉ်းတွေ

ဒီလို EAO တွေတည်ရှိတဲ့ဒေသတွေမှာ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ စီမံကိန်းရဲ့ အခြေခံစည်းမျဉ်းတွေ ချမှတ်ဆောင်ရွက်ပါတယ်။ ဒီစည်းမျဉ်းတွေကတော့–

(က) ညှိနှိုင်းဆောင်ရွက်ရန်၊
(ခ) ဝန်ထမ်းများ၏လုံခြုံရေး အာမခံချက်ရမှ ဆောင်ရွက်ရန်၊
(ဂ) EAO ဒေသမှာရှိသည့် ကျေးရွာများအနက် စီမံကိန်းကို ဆောင်ရွက်လိုသော ကျေးရွာများသာ ပါဝင်ဆောင်ရွက်ရန်၊
(ဃ) စီမံကိန်းကို လေးနှစ် ဆက်လက်ဆောင်ရွက်မည်ဖြစ်၍ ကျန်ကျေးရွာများ လုပ်ချင်သည့်အချိန် လုပ်ခွင့်ပေးရန်။

ညှိနှိုင်းတဲ့အခါမှာ မလာစေချင်တဲ့အခါရှိရင်၊ သိရင်မသွားပါဘူး၊ ကြိုတင်သတင်းပေးပြီး သွားပါတယ်။ တစ်ခါတလေ ပြည်သူက လမ်းရွေးထားတယ်၊ အဖွဲ့အစည်းက မလုပ်စေချင်တာလည်း ရှိတတ်ပါတယ်။ သိရရင် တားရင် မလုပ်ပါဘူး၊ ဒုတိယဦးစားပေးကို လုပ်ကြပါတယ်။ စီမံကိန်းကာလ လေးနှစ်မို့ သူတို့ သိမြင်နားလည်လာပြီး အန္တရာယ်မရှိကြောင်း ယုံကြည်လာလို့ ပြန်လုပ်ခွင့်၊ လာခွင့်ပြုရင် ဆက်လုပ်ကြပါတယ်။ အဲဒါကယုံကြည်မှု တည်ဆောက်ခြင်း (Trust Building) ပဲ ဖြစ်ပါတယ်။ စီမံကိန်းဟာ ပြည်သူအတွက် တကယ်လိုအပ်၊ တကယ်ထိရောက်တယ်။ ပွင့်လင်းမြင်သာမှုရှိတယ်၊ ဒီမိုကရေစီ ကျင့်စဉ်နဲ့ညီတယ်၊ တာဝန်ယူမှု တာဝန်ခံမှု အပြည့်ရှိတယ်။ လူနည်းစု ထိခိုက်လွယ်အုပ်စုတွေကို ချန်မထားဘူး၊ အားလုံးပူးပေါင်းပါဝင်ခွင့်ရတယ်၊ ဆုံးဖြတ်ခွင့်ရတယ်။ ဒါဟာ EAO တို့လိုလားတဲ့ ဒီမိုကရေစီ(Federal Democracy) ရဲ့ အခြေခံအုတ်မြစ်ပဲ ဖြစ်တယ်၊ အခြေခံသဘောတရားပဲ ဖြစ်ပါတယ်။

### ပညာပေးသင်တန်းတွေ

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံ့ဝန်ထမ်းတွေအပြင် ဒေသခံ အရပ်သားဝန်ထမ်းတွေပါ ပါဝင်တာမို့ စည်းကမ်းအရေးကြီးသလို Conflict နဲ့ပတ်သက်တဲ့ ပညာပေးသင်တန်းတွေပေးရပါတယ်။ တည်ဆဲဥပဒေတွေ၊ ဒေသအစိုးရတွေရဲ့ လမ်းညွှန်ချက်တွေ လိုက်နာစေပါတယ်။ ခရီးစဉ်တွေသွား ကျေးရွာတွေကို ဝန်ထမ်းတွေ သွားရောက် တာဝန်ထမ်းဆောင်တဲ့အခါ တပ်ဘက်ရော EAO ဘက်ရော ဒေသရဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေ သတင်းအချက်အလက်အပေါ်မူတည်ပြီး သတင်းပေးပို့သွားရောက်စေပါတယ်။ ဒေသရဲ့ယဉ်ကျေးမှုတွေကို သိရှိလိုက်နာစေပါတယ်။ သင်တန်းတွေမှာတော့ အဓိကအားဖြင့်–

(က) Conflict Sensitivity/ Conflict Management Training
(ခ) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး
(ဂ) လုပ်ငန်းခွင်အတွင်း လုံခြုံရေး
(ဃ) တားဆီးကာကွယ်ခြင်း
(င) တုံ့ပြန်ဆောင်ရွက်ခြင်း စသည်တို့ကို သင်ကြားပို့ချ ဆောင်ရွက်နေပါတယ်။

ဒါမှ စီမံကိန်းဝန်ထမ်းတွေက Conflict ရဲ့ သဘောသဘာဝ၊ လုံခြုံရေးရဲ့ သဘောသဘာဝ၊ ပေါင်းစပ်ညှိနှိုင်းခြင်းရဲ့ သဘောသဘာဝ ကိုသိရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ခရီးသွားရင် အဆင်ပြေအောင် စီမံကိန်းရဲ့ကား၊ ဆိုင်ကယ်တွေမှာ စီမံကိန်းတံဆိပ်၊ ဌာနတံဆိပ်ကပ်ခြင်း၊ ဝန်ထမ်းကတ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာတွေသွားတဲ့အခါ တပ်ကပဲမေးမေး၊ EAO ကပဲမေးမေး အဆင်ပြေစေခဲ့ပါတယ်။

ဖွံ့ဖြိုးရေးမှာ ဘယ်ဒေသ၊ ဘယ်အရပ်မှ ချန်ထားလို့မရ၊ မချန်ထားသင့်ပါ။ နဂိုကတည်းက ဝေးလံလို့၊ ခေါင်းပါးလို့၊ ယခင်စစ်ဘေးစစ်ဒဏ်ခံခဲ့ရလို့ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲတဲ့ရွာတွေကို ဌာနဆိုင်ရာတွေ၊ အစိုးရအဖွဲ့အစည်းတွေက ခက်ခဲလို့ စီမံကိန်းတွေမဆောင်ရွက်ဘဲ ချန်ထားရင် အဲဒီဒေသတွေဟာ ဆင်းရဲပြီးရင်း ဆင်းရဲနေကြရပေဦးမယ်။

### တကယ်တိုးတက်ချင်ရင်

ဒါကြောင့် အုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့အစည်းတွေကလည်း ငြိမ်းချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ပေးကြရမှာဖြစ်တယ်။ EAO တွေကလည်း ကိုယ့်ဒေသ ကိုယ့်လူမျိုးတွေ ဆင်းရဲတွင်းက လွတ်အောင်၊ ဖွံ့ဖြိုးရေးတွေ လုပ်နိုင်အောင်တော့ အခြေခံကျကျ စဉ်းစားကြရမယ်။ ကိုယ့်နိုင်ငံကို တကယ်ချစ်ကြလား၊ ကိုယ့်လူမျိုးတွေကို တကယ်ချစ်ကြတာ ဟုတ်ရဲ့လား၊ ရင်ထဲက ချစ်တာလား၊ ကိုယ့်တိုင်းပြည်ဖွံ့ဖြိုးချင်တာ တကယ်ဟုတ်ရဲ့လား ဒီမေးခွန်းတွေကို နိုင်ငံသားအားလုံး၊ တိုင်းရင်းသားအားလုံး၊ EAOတွေအားလုံး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအားလုံးနဲ့ အုပ်ချုပ်သူအစိုးရတွေ၊ နိုင်ငံရေးပါတီတွေ၊ အဖွဲ့အစည်းအသီးသီးရဲ့ ခေါင်းဆောင်တွေ လေးလေးနက်နက် စဉ်းစားကြရမှာဖြစ်ပါတယ်။ တကယ်ချစ်တာ တကယ်တိုးတက်ချင်တာ၊ တကယ်ငြိမ်းချမ်းချင်တာ ဟုတ်ရဲ့လား။ ငြိမ်းချမ်းရေးတကယ်ရချင်ရင် တကယ်ဖြစ်ချင်ရင် သူသေကိုယ်သေ တိုက်နေလို့မရပါဘူး။ နိုင်ငံသားတွေ၊ တိုင်းရင်းသားတွေဖြစ်တဲ့ တပ်မတော်သားတွေ၊ ပြည်သူ့ရဲတွေ၊ တိုင်းရင်းသား EAO တွေ၊ လက်နက်ကိုင်တော်လှန်နေသူတွေ၊ အပြစ်မဲ့ပြည်သူတွေ သေနေကြမှာပဲ။ ဒါကြောင့် လက်နက်ကိုင် လမ်းစဉ်အစား နိုင်ငံရေးနည်းနဲ့ ဖြေရှင်းကြဖို့ တိုက်တွန်းပါတယ်။

လက်ရှိ နိုင်ငံရေးအကျပ်အတည်းကြောင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးတွေလည်း ဖျက်ဆီးလို့ ပျက်လို့နေတာတွေ့ရပါတယ်။ ဒေသမအေးချမ်းလို့ ဖွံ့ဖြိုးရေးတွေ မလုပ်နိုင်တာတွေ ရှိပါတယ်။ ကျောင်းမတက်ရတဲ့ စာမသင်ရတဲ့ မဆီမဆိုင် ကြားညှပ်ပြီး အခွင့်အရေးဆုံးရှုံးနေတဲ့ ကျောင်းသား ကျောင်းသူ လူငယ်တွေရဲ့အနာဂတ်ကို ကြည့်ကြဖို့လိုပါတယ်။ နိုင်ငံရေးညှိနှိုင်းမှုတွေ အဆင်မပြေသေးမီကာလမှာလည်း အရပ်သား target တွေကို မတိုက်ကြဖို့၊ မဖျက်ဆီးဖို့၊ မနှောင့်ယှက်ဖို့အရေးကြီးပါတယ်။ ဒါကို ကျင့်ဝတ်လို သဘောထားဖို့ တိုက်တွန်းလိုပါတယ်။ ကျေးရွာတွေမှာ၊ မြို့ပြတွေမှာ တိုက်ကွက်မဖော်ကြဖို့၊ ပြည်သူတွေနေထိုင်နေတဲ့ နေရာတွေမှာ စစ်တလင်းဖြစ်အောင်မလုပ်ကြဖို့ တိုက်တွန်းလိုတယ်။ မပြေလည်သေးလို့ တိုက်နေကြရင်တောင် ရွာတွေ၊ မြို့တွေရှောင်ကြဖို့ စည်းမျဉ်း စည်းကမ်းတွေထား၊ ကျင့်ဝတ်အဖြစ်လိုက်နာကြရင် ကျွန်တော်တို့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်နိုင်ကြမယ်ဆိုရင် ပြည်သူတွေ အထိနာသက်သာမယ်လို့ မျှော်လင့်ရပါတယ်။

နိုင်ငံရေးဆိုတာ ညှိနှိုင်းမှု၊ ဆွေးနွေးမှုပဲ ဖြစ်ပါတယ်။ တကယ်ဖြစ်ချင်ရင်၊ စိတ်ရင်းကဖြစ်ချင်ရင် တာဝန်ရှိတဲ့အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေသာ အရေးကြီးကြောင်း ထင်မြင်မိပါတယ်။ ဘာကြောင့်လဲ အကြောင်းအရင်းတွေရှိပါမယ်။ အပြန်အလှန်နားလည်အောင် ကြိုးစားသင့်ပါတယ်။ ခွင့်လွှတ်ပေးသင့်ပါတယ်။ မေ့ပစ်သင့်တာတွေ မေ့ပစ်စေချင်ပါတယ်။ ရန်သူကို ရန်သူလိုမမြင်ဘဲ ဒို့နိုင်ငံသား ဒို့တိုင်းရင်းသားပဲလို့ မြင်နိုင်ကြရင်၊ ရန်သူကို သူ့သဘော သူ့ယဉ်ကျေးမှု သူ့စရိုက်သိရှိခြင်း၊ အသိအမှတ်ပြုပေးခြင်း၊ လေးစားဂုဏ်ပြုပေးခြင်း လုပ်ပေးနိုင်ရင်၊ မေတ္တာပေးရင် မေတ္တာပြန်ရကြမှာပဲလို့ ယုံကြည်မိပါတယ်။

### ဆွေးနွေးကြစေချင်

ခွင့်လွှတ်တဲ့လက်၊ ခွင့်လွှတ်မယ့်လက်ကို မေတ္တာနဲ့ အရင်ကမ်းပေးနိုင်သူက စကမ်းပေးဖို့ တိုက်တွန်းပါတယ်။ သူ့ဘက်ကိုယ့်ဘက် လျှော့သင့်တာ လျှော့ကြဖို့လိုအပ်ပါမယ်။ နိုင်ငံအတွက်၊ ပြည်ထောင်စုအတွက်ကြည့်ပြီး ဆွေးနွေးကြစေချင်ပါတယ်။ ပြည်ထောင်စုက ခွဲမထွက်ကြဖို့ နည်းလမ်းတွေကို ရှာကြရင်း ကိုယ့်ပြည်နယ် ကိုယ့်ဒေသ အကျိုးအတွက် ရသင့်ရထိုက်တဲ့အခွင့်အရေးတွေ တောင်းသင့်တာ တောင်း၊ ပြောသင့်တာပြောကြရင်း ပြည်ထောင်စုကြီးမပြိုကွဲအောင်

*စာမျက်နှာ ၁၇ သို့*

**ဖွံ့ဖြိုးရေးမှာ ဘယ်ဒေသ၊ ဘယ်အရပ်မှ ချန်ထားလို့မရ၊ မချန်ထားသင့်ပါ။ နဂိုကတည်းက ဝေးလံလို့၊ ခေါင်းပါးလို့၊ ယခင် စစ်ဘေးစစ်ဒဏ်ခံခဲ့ရလို့ အကြောင်းအမျိုးမျိုးကြောင့် ဆင်းရဲတဲ့ရွာတွေကို ဌာနဆိုင်ရာတွေ၊ အစိုးရအဖွဲ့အစည်းတွေက ခက်ခဲလို့ စီမံကိန်းတွေမဆောင်ရွက်ဘဲချန်ထားရင် အဲဒီဒေသတွေဟာ ဆင်းရဲပြီးရင်း ဆင်းရဲနေကြရပေဦးမယ်**

## ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူဦးရေ ၆၆ ရာခိုင်နှုန်းကျော် ထိုးနှံပြီးစီး

**မြစ်ကြီးနား မေ ၁၉**

ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့်ထိုးနှံနိုင်ရေး ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းစီမံချက်ရေးဆွဲ၍ ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူဦးရေ၏ ၆၆ ဒသမ ၄၆ ရာခိုင်နှုန်းထိုးနှံနိုင်ခဲ့ပြီးဖြစ်သည့်အတွက် ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်အတွင်း အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးထိုးရန် အကျုံးဝင်သူ စုစုပေါင်း ကိုးသိန်းကျော်ရှိသည့်အနက် ထိုးနှံပြီးစီးမှုအရေအတွက်မှာ ခြောက်သိန်းကျော်ရှိပြီ ဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၄၆ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပြီး ထိုးနှံရန်ကျန်ရှိသည့် လူဦးရေအား အပြည့်အဝ ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားသည်။(**အောက်ပုံ**)

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦးက တပ်မတော်မှ ကာကွယ်ဆေးထိုးလုပ်ငန်း ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက် ပူးပေါင်းလုပ်ဆောင်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ပြည်နယ် ကော်မတီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များက ကာကွယ်ဆေးထိုး လုပ်ငန်းဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက နယ်လှည့်ကွင်းဆင်း အဖွဲ့များဖြင့် ထိုးနှံပေးသွားမည့် အစီအမံများ၊ တောင်ပေါ်ဒေသများတွင် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

ပြည်နယ်

(ပြန်/ဆက်)

## “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဟိုပန်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှု

**ဟိုပန် မေ ၁၉**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်သည် အဖွဲ့ဝင်များနှင့်အတူ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီက ဟိုပန်မြို့ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း ကုသရေးလုပ်ငန်းများအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

“ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ သားဖွားခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆေးပစ္စည်းများသိုလှောင်ထားရှိမှု အခြေအနေတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာပြည့်ကိုကိုက ရှင်းလင်းတင်ပြရာ ဥက္ကဋ္ဌက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့်အဖွဲ့သည် အရှည် ပေ ၅၀၊ အမြင့် ၈ ပေရှိ ကျောက်စီနံရံ တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် Isolation Ward တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်ကင်းစင်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် လိုအပ်ချက်များရှိပါက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

ခရိုင်

(ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

မြန်မာနိုင်ငံနယ်နိမိတ် မပဲ့သွားအောင် အဖြေရှာကြဖို့ တိုက်တွန်းပါတယ်။

တကယ်အင်အားကြီးသူ၊ မေတ္တာတရားကြီးသူတွေဟာ ကိုယ့်အပြစ်ကိုယ်သိ၊ ကိုယ့်အမှားကိုယ်သိပြီး အမှန်ကို မြင်နိုင်ကြပါတယ်။ တကယ်အင်အားကြီးသူ၊ မေတ္တာတရားကြီးသူတွေသာ ခွင့်လွှတ်နိုင်ကြတယ်လို့ လေ့လာမှတ်သားဖူးပါတယ်။ အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေကို အင်အားကြီးသူ၊ မေတ္တာတရားကြီးမားသူတွေ ဖြစ်ကြစေလိုပါတယ်။ ခွင့်လွှတ်ပေးကြပါခင်ဗျာ။

နိုင်ငံတကာက စွက်ဖက်တာတွေ၊ အနိုင်ကျင့်တာတွေကိုလည်း ခံပြင်းလွန်းလှပါတယ်။ မငြိမ်းချမ်းသေးတာ၊ ညှိနှိုင်းမရသေးတာကိုလည်း စိတ်မကောင်းဖြစ်ရပါတယ်။

ကျွန်တော် ဖွံ့ဖြိုးရေးသမားတစ်ယောက်ပါ။ ဒီနိုင်ငံဖွံ့ဖြိုးအောင် လုပ်ကြပါစို့၊ ဒီနိုင်ငံတိုးတက်အောင်လုပ်ကြပါစို့၊ ဒီနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ငြိမ်းချမ်းရေးရအောင် လုပ်ကြပါစို့၊ ဒီနိုင်ငံ ဒီလူမျိုးကို ချစ်ရင် ငြိမ်းချမ်းရေးရအောင် လုပ်ကြပါစို့၊ နိုင်ငံ့အရင်းအမြစ် တိုင်းရင်းသားပြည်သူတွေရဲ့ အသက်တွေ၊ သွေးတွေ မဆုံးရှုံးအောင် လုပ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။

### ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေး

**“ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေး(Peace And Prosperity)”** ခေါင်းစဉ်နဲ့ စီမံကိန်း/စီမံချက်တွေလည်း ရေးဆွဲထားပါတယ်။ အကောင်အထည်ဖော်ဖို့ ဒေသတည်ငြိမ်အေးချမ်းရေးတွေ အရေးကြီးပါတယ်။ ဒေသတည်ငြိမ်အေးချမ်းဖို့ ဘယ်သူတွေ ဖြစ်ချင်လဲ၊ ဘယ်သူတွေ ဖြစ်အောင်လုပ်နိုင်လဲ၊ နိုင်ငံသူ နိုင်ငံသား ပြည်သူတွေနဲ့ သက်ဆိုင်သူအစိုးရ၊ တိုင်းရင်းသား EAO တွေ၊ နိုင်ငံရေးပါတီခေါင်းဆောင်တွေသာဖြစ်ပြီး ပြည်တွင်းက ပြည့်အင်အားတွေပဲ ဖြစ်ပါတယ်။ ခွင့်လွှတ်ခြင်း၊ ချစ်ခြင်းမေတ္တာထားခြင်း၊ ညှာတာခြင်း၊ နားလည်ခြင်း၊ အပြန်အလှန် လေးစားခြင်းတွေနဲ့ ငြိမ်းချမ်းရေးကို ရအောင် ဖော်ဆောင်နိုင်တဲ့ အစိုးရတွေ၊ ခေါင်းဆောင်တွေကို ယုံကြည်စွာ မျှော်လင့်စောင့်စားရင်း ကျရာတာဝန် ကျေပွန်သွားပါမယ်။

NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရှိတယ်။ အပြီးတိုင်ငြိမ်းချမ်းရေးရယူမှု မရှိဘဲ NCA လက်မှတ်ရေးထိုးထားတဲ့ကြားကာလ ဘာတွေဆောင်ရွက်မလဲ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဘာတွေလုပ်ကြမလဲ၊ ၎င်းတို့ဒေသစီးပွားရေးလုပ်ငန်းတွေ ဘာတွေလုပ်ကြမှာလဲ၊ ဘယ်လိုလုပ်ကြမှာလဲ။ ဒါတွေဟာ အလွန်အရေးကြီးတယ်လို့ ထင်ပါတယ်။ အလုပ်အကိုင် အခွင့်အလမ်းနဲ့ စီးပွားရေးအဆင်မပြေကြရင် အရင်လို ပြန်ဖြစ်သွားနိုင်ပါတယ်။ ဖြစ်နိုင်ခြေရှိတဲ့ စိုက်ပျိုးရေးဇုန်တွေ၊ မွေးမြူရေးဇုန်တွေ၊ စိုက်ပျိုး/ မွေးမြူရေးအခြေပြုစက်ရုံ၊ အလုပ်ရုံတွေ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံရဲ့စီးပွားရေးမှာ တရားဝင် ပါဝင်ဆောင်ရွက်ဖို့ အခွင့်အလမ်းတွေပေးဖို့လည်း လိုအပ်ပါတယ်။ EAO အဖွဲ့တွေ အနေနဲ့လည်း တရားဝင်စီးပွားရေးလုပ်ငန်းတွေ ဆောင်ရွက်ခြင်းဖြင့် ကိုယ့်ဒေသ ကိုယ့်လူမျိုးတွေနဲ့ ကိုယ့်အဖွဲ့အစည်းကို ပြန်လည်တိုးတက်အောင် လုပ်သင့်ပါတယ်။ နိုင်ငံရေးပါတီတွေထောင်ပြီး ဒေသအလိုက် ရွေးကောက်ပွဲဝင်သင့်ပါတယ်။ ရွေးကောက်ခံပြီး ကိုယ့်ဒေသကို ကိုယ်တိုင်ပါဝင်အုပ်ချုပ်သင့်ပါတယ်။ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သင့်ပါတယ်။ နိုင်ငံတကာရန်နဲ့ အခြားရန်တွေကို မြန်မာ့တပ်မတော်နဲ့အတူ ကာကွယ်သင့်ပါတယ်။ အတူကာကွယ်ဖို့ တာဝန်ရှိသလို အတူကာကွယ်နိုင်မယ့်နည်းလမ်းနဲ့ လုပ်ငန်းစဉ်တွေ ဖော်ဆောင်ရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်လာဖို့ အုပ်ချုပ်သူအစိုးရတွေကလည်း တီထွင်ကြံဆနည်းလမ်းရှာ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်ရေးရပြီးကတည်းက လက်နက်ကိုင်ပေါင်းစုံ ပေါ်ပေါက်လာခဲ့ပြီး အခုဆိုရင် လက်နက်ကိုင် EAO အဖွဲ့ပေါင်း ၁၈ ဖွဲ့ရှိကာ ၁၀ဖွဲ့ NCA လက်မှတ်ရေးထိုးထားပြီး NCA မရေးထိုးရသေးတဲ့အဖွဲ့တွေ ထိုးနိုင်ဖို့ ဘာကြောင့် မလုပ်နိုင်ရတာလဲ၊ အခုလက်ရှိ နိုင်ငံရေးအကျပ်အတည်းကြောင့် ဒေသအလိုက် တော်လှန်ရေးအဖွဲ့တွေ အများကြီးဖြစ်လာပြီ၊ ဘယ်လိုလုပ်ကြမှာလဲ၊ သူသေကိုယ်သေတိုက်နေလို့ အဖြေမရနိုင်တာ သေချာတယ်။ ပြည်သူတွေပဲ ဒုက္ခရောက်၊ တိုင်းရင်းသား မြန်မာနိုင်ငံသားတွေ သေကြကျေကြမယ်။ ရွာတွေပျက်မယ်။ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ မလုပ်နိုင်ဖြစ်နေတယ်၊ ဆင်းရဲပြီး ဆင်းရဲမယ်။ ဒီအဖြေ ဒီရလဒ်ပဲဖြစ်မှာ သိနေကြတာပဲ။ ဒါဆိုရင် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြစ်တဲ့ တွေ့ဆုံညှိနှိုင်းရေး လုပ်ကြရမယ်၊ လုပ်မှဖြစ်မယ်။ လုပ်ဖို့ ကမ်းလှမ်းပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ စိန်ရတု ပြည်ထောင်စုနေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကန့်သတ်ချက်မထားရှိဘဲ ဆွေးနွေးဖို့ ဖိတ်ခေါ်တာကို အသိအမှတ်ပြု ကြိုဆိုပါတယ်။ စဉ်ဆက်မပြတ် ဆက်လုပ်နေမယ်လို့ ယုံကြည်ပါတယ်။

### ထာဝရ ငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ်၏ စတုတ္ထအချက်ပါ မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၈-၂-၂၀၂၂ ရက်မှာ **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**ကို ထုတ်ပြန်ခဲ့ပါတယ်။

အဆိုပါထုတ်ပြန်ချက်မှာလည်း “တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်နိုင်ကြပါရန်”လို့ နိုင်ငံတော်အစိုးရအနေနဲ့ လက်ကမ်းကြိုဆိုလျက်ရှိပါတယ်။

ကျွန်တော်တို့ နှစ်ပေါင်းမြောက်မြားစွာက ရရှိလာခဲ့တဲ့ သင်ခန်းစာတွေကို ပြန်ကြည့်ကြပါဦး။ သမိုင်းသင်ခန်းစာတွေက လုံလောက်နေပါပြီ။ သင်ခန်းစာ ထပ်မလိုတော့ပါဘူး။ ဒီတော့ အဆုံးသတ်ရပါမယ်။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတွေ၊ တိုင်းရင်းသားလူမျိုးတွေကို တကယ်ချစ်ရင်၊ EAO တွေက ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးတွေကို တကယ်ချစ်ရင်၊ နိုင်ငံရေးခေါင်းဆောင်တွေက တကယ်ချစ်တယ်ဆိုရင်၊ အုပ်ချုပ်သူအစိုးရတွေက တကယ်ချစ်တယ်ဆိုရင် လက်နက်ကိုင်တိုက်နေကြတာတွေရပ်၊ တွေ့ဆုံညှိနှိုင်းဖို့ အစီအစဉ်တွေရေးဆွဲပြီး စဉ်ဆက်မပြတ်တွေ့၊ အပြန်အလှန်လေးစားမှု၊ နားလည်မှုတွေနဲ့ ခွင့်လွှတ်ကြပါ။ ညှိနှိုင်းကြပါ၊ အလျှော့ပေးကြပါ၊ တိုင်ပင်ကြပါ၊ နားလည်မှုယူကြပါ။ အားလုံး NCA လက်မှတ်ထိုးနိုင်အောင် လုပ်ကြပါ။ နိုင်ငံရေးပါတီတွေထောင်ပြီး နိုင်ငံရေးမှာ ပါဝင်ကြပါ၊ နိုင်ငံရေးပါတီတွေကတစ်ဆင့် ရွေးကောက်ပွဲမှာ ပါဝင်ကြပါ။ ရွေးကောက်ပွဲကတစ်ဆင့် ကိုယ့်ဒေသအလိုက် ပါဝင်အုပ်ချုပ်ကြပါ။ တိုင်းရင်းသားပါတီတွေ ပါဝင်ခွင့်၊ အုပ်ချုပ်နိုင်ခွင့်ရှိမယ့် အခွင့်အရေးမျိုးလည်း ဖော်ဆောင်ကြပါ။ ပါတီကြီးတွေကနေ တစ်ပါတီစနစ်မျိုးမဖြစ်အောင် စီမံဆောင်ရွက်ကြပါလို့ အနူးအညွတ်လေးစားစွာဖြင့် မေတ္တာရပ်ခံတိုက်တွန်းအပ်ပါတယ်။

တကယ်ဖြစ်ချင်ရင် တကယ်ဖြစ်ပါတယ်။ တကယ်ခွင့်လွှတ်ဖို့ လိုပါတယ်၊ အတ္တနဲ့မာနတော့ လျှော့ရပါမယ်။ အပြန်အလှန် လေးစားတန်ဖိုးထားဖို့လိုပါတယ်။ နိုင်ငံနဲ့လူမျိုးကို တကယ်ချစ်ရင် ဖြစ်ပါတယ်။ အုပ်ချုပ်သူ နိုင်ငံခေါင်းဆောင်တွေ၊ နိုင်ငံရေးပါတီခေါင်းဆောင်တွေ၊ EAO တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ တော်လှန်ရေးလုပ်နေကြသူတွေ၊ နိုင်ငံသူ နိုင်ငံသားအားလုံးက မိမိတို့ရဲ့လုပ်ပိုင်ခွင့်၊ အခွင့်အာဏာ၊ မိမိတို့ရဲ့ စွမ်းအားတွေကို “ငြိမ်းချမ်းရေး” အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်မယ်လို့ ယုံကြည်နေပါတယ်။

တာဝန်ရှိသူခေါင်းဆောင်တွေက ၂၀၂၂ ခုနှစ်မှာ ထာဝရငြိမ်းချမ်းရေး ယူဆောင်ပေးနိုင်ကြပါစေလို့ တိုက်တွန်း ဆန္ဒပြုလိုက်ပါတယ်။ ။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၂ ခုနှစ်၊ မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မေ ၁၉**

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှစတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "သိမှတ်စရာ ဒီမိုကရေစီရေးရာ" မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မေလ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ မေလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဇော်ဇော်အောင် (မန္တလေး)၊ K. M. A၊ သန့်လွင်ထွန်း (MPA)တို့၏ "သိမှတ်စရာ ဒီမိုကရေစီရေးရာ" မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ ကောင်းသန့်၊ ဟိန်းလတ်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ ပါမောက္ခကိုကိုအောင်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ နေသူရိန်၊ ဒေါက်တာလွင်သန့်၊ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အောင်မြတ်စည်သူ၏ အတွေးအခေါ်နှင့်တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၏ နိုင်ငံတကာဆိုင်ရာဆောင်းပါး၊ ဦးစိုင်းကျော်သူ၏ ရွှေးကောက်ပွဲဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်း၊ ရဲထက်ဇော်၊ ကြည်လွင်ဦး (ရေနံ) တို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ မြသိန်း၊ ကိုဇော်ဌေး (ယဉ်ကျေးမှု) တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ထက်ဝေအောင် (စစ်ကိုင်း) ၏ အမုန်းစကားဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာစန်းဦး၊ စိန်ဝင်းမော်၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/ မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာမယဉ်ယဉ် (မင်းကန်) ၏ "မန္တမ်းပန်းခင်းကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် စိတ်နှင်ရာ၊ အချိုးမညီပြဿနာ၊ တောစံပယ်၊ ပိတောက်ချစ်သူ၊ လောကမွန်၏ ဗိသုကာ၊ စိန်ပန်းဇာနည်၊ ရတနာမွေးနေ့၊ အသစ်သို့၊ ပင်လုံသစ္စာစသည့် ကဗျာ ၆၂ ပုဒ်ပါဝင်သည်။ ယင်းစာအုပ်နှင့် ပတ်သက်၍ စာမူဆုရွေးချယ်ရေးအဖွဲ့က "ရေးဖွဲ့ထားသည့် အကြောင်းအရာစုံသည်။ ကဗျာအဖွဲ့ပုံသဏ္ဌာန်စုံသည်။ အကြောင်းအရာနှင့် ကဗျာအဖွဲ့ ပုံသဏ္ဌာန်မှာ လိုက်ဖက်သည်ချည်းဖြစ်သည်။ စကားလုံး၏အသံနှင့် အနက်အလှကို မျှတညီညွတ်စွာသုံးထားရာ ခံစားမှုပေါ်လွင်စေသည်။ ကဗျာသက်ဝင်မှုရှိစေသည်။ တည်ငြိမ်သောကာရန်စနစ်နှင့် သွက်လက်သော ကာရန်စနစ်ကို အလျဉ်းသင့်သလို ပေါင်းစပ်ဖွဲ့စည်းထားခြင်း၊ သံတူကပ်အလှကို သုံးထားခြင်းတို့ကြောင့် မငြီးငွေ့နိုင်သော အသံစီးဆင်းမှုကိုဖြစ်စေသည်" ဟု မှတ်ချက်ပြုထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၂၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိစာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပေလဲမြို့၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်

**ပေလဲ မေ ၁၉**

ရခိုင်ပြည်နယ် ပေလဲမြို့၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက် ၁၁ နာရီက ဇီးဖြူကုန်းအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေကို မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်လင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ် ၁၃၂ ဦးအတွက် ငွေကျပ် ၅၇၆၀၀၀၀ကို ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ အဆိုပါထောက်ပံ့ငွေများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ကိုယ်ဝန်ဆောင်မိခင်နှင့် နှစ်နှစ်အောက်ကလေးငယ်များထံ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပေလဲ(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၄-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဒီမိုကရေစီဟုဆိုရာဝယ်
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၉:၃၅ မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော်(အပိုင်း-၈)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၁:၄၅ ဆေးဘက်ဝင် ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲပတ္တိုင်ရင်ဆိုင်ချီတက်'** (အပိုင်း-၂၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ **'ပျော်ကြရွှင်ကြအငြိမ့်'**
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား
- ၁၇:၁၀ ခေတ်အလိုက်ကြေးမုံပြင်
- ၁၇:၃၀ MRTV Travelogue
- ၁၇:၄၅ Road to 31st SEA Games Vietnam (Athletics)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'အောင်ပွဲပတ္တိုင်ရင်ဆိုင်ချီတက်'** (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၁၁)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း **'ဘဝလမ်းကိုရွေးချယ်ခြင်း'**

**mitv**

- 07:02 Aseinnaya (Takkatho Lae Lae)
- 07:10 Mote Sein Paung from Intaing Village
- 07:19 Discovering Tribes: Wa - Their Life and Customs
- 07:54 Dances of Myanmar: Proud of Being a Myaung Zee (or) Hmong
- 08:01 Fine Arts Podium (Conch Shell Wind Instrument)
- 08:16 Gold from Garbage
- 08:27 Ecotourism: Monywa Tourism Zone
- 08:44 Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong- Preliminary Performace by Female Dancers
- 08:53 Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong- Royal Boy Dance
- 09:01 News
- 09:26 Global Partnership for Brighter Future: Cambodia Pavilion at Expo 2020 Dubai
- 09:34 The Banjoist
- 09:51 Yangon Markets: Nyaung Pin Lay Market

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** ချိုအေးမွှေးတဲ့အုန်းမွှေးလုံး
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** ကြက်သားနှင့်ပိန္နဲသီးချက်နည်း
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** စံထားထိုက်တဲ့သူမ
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ (အပိုင်း-၂)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** နှစ်ပေါင်းရှည်ကြာတည်မြဲပါတဲ့အိုးလက်ရာ
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** သစ်ကြားသီးနှင့်ကျန်းမာရေး
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** တိုင်းရင်းဆေးရာဇဝင်လေ့လာသိကောင်းစရာ
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** စိတ်ဝင်စားဖွယ်ဒီးမော့ဆိုတောင်ရိုးရာဓလေ့
- **ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)** ဓနိပြုလုပ်ပုံ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ ဝင်ငွေသေချာရှာနေကြာ
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အာလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သိလျက်နဲ့ထိမ်ချန်မှု'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ တိုက်ကြီးဒေသဆင်းသုခအလှ
- ၀၇:၀၀ အရည်အသွေးကောင်းသစ်သီးဝလံများထွက်ရှိရာနေပြည်တော်တစ်ခွင်မှာ
- ၀၇:၂၀ နေရောင်အောက်ကဝင်းဝင်းဝါဆီထွက်တိုးမှာဆင်းရှေကြာ
- ၀၈:၃၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
- ၀၉:၄၅ အင်းလေးဒေသမှကျွန်းမျောခရမ်းချဉ် GAP နည်းစနစ်များဖြင့်အောင်မြင်

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပဲခူးမြို့၌ မြန်မာနှစ်သစ်ကူးတရားအလှူတော် ဓမ္မသဘင်ပွဲ ကျင်းပ

ပဲခူး မေ ၁၉

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာနှစ်သစ်ကူးတရား အလှူတော်ဓမ္မသဘင်ပွဲကို မေ ၁၇ ရက် ညပိုင်းတွင် ပဲခူးမြို့ ဆေးရုံဟောင်းလမ်းပေါ်ရှိ နှစ်ဦးတရား အလှူဓမ္မသဘင်မဏ္ဍပ်၌ ကျင်းပသည်။**

ဦးစွာ သာသနဒ္ဓဇောတိက စာသင်တိုက်မှ ဘဒ္ဒန္တဇနိတ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ဓမ္မပူဇာအလှူငွေများနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



အဆိုပါ မြန်မာနှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင်ပွဲကို မေ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပပြီး မေ ၁၈ ရက်တွင် ပဲခူးမြို့ ချမ်းမြေ့ဇေယျာ သာမဏေကျော် တက္ကသိုလ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥက္ကံသာလင်္ကာရ (ဝိနယဝိဒူ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ M.A, Ph.D) ကလည်းကောင်း၊ မေ ၁၉ ရက်တွင် သာသနမဏ္ဍိုင်ပါဠိ တက္ကသိုလ်ကျောင်းတိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ဘဒ္ဒန္တသုန္ဒရ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) က လည်းကောင်း တရားရေအေး အမြိုက်ဆေးများ ဟောကြားတော်မူကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၈၀ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၉၀ ကျပ် | ၁၉၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၇၅ ကျပ် | ၂၁၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၈ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၅ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၈၆၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၄၂ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၄ . ၈၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၉ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၂၄၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၈၀၀၀ | ၃၄၆ | ၂၇၀၆၂၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၂၆၃၈ | ၇၀၀၃၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀၀ | ၁၉၅၀၀ | ၁၀၅၁ | ၁၈၉၁၉၅၀၀ |
| TMH | ၂၆၀၀ | ၂၇၀၀ | ၃၉ | ၁၀၁၅၀၀ |
| EFR | ၂၆၅၀ | ၂၇၀၀ | ၉၉၅ | ၂၆၃၆၈၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

- စာတည်းမှူးချုပ် - အောင်နိုင်ဦး
- ခေတ္တစာတည်းမှူး - မြင့်စိုး
- သတင်းထောက်မှူး - ခင်ရတနာ
- စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
- ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
- အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
- အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
- ဓာတ်ပုံသတင်းထောက် - တင်စိုး
- သုတေသန - အိအိခင်နှင့် အဖွဲ့
- စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
- စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
- အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
- ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
- ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS



**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မီးလောင်မှုကြောင့် ပျက်စီးသွားသော ပုလဲမြို့နယ် အင်းမထီးကျေးရွာ ပြန်လည်ထူထောင်ရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မုံရွာ မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အင်းမထီးကျေးရွာ မီးလောင်မှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော လူနေအိမ်များအပါအဝင် ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်ကောင်းမွန်စေရေး ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက် နံနက် ၁၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ DICA ခန်းမ၌ ကျင်းပရာ **(ယာပုံ)** စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အင်းမထီးကျေးရွာ မီးလောင်မှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော လူနေအိမ်များအပါအဝင် ပြည်သူများ၏ လူမှုစီးပွားဘဝ ပြန်လည်ကောင်းမွန်စေရေး၊ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် လမ်းများ ကောင်းမွန်စေရေး နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြရန်နှင့် လက်တွေ့ဆောင်ရွက်ရမည့် နည်းလမ်းကောင်းများကို အကြံပြု ဆွေးနွေးပေးကြရန် အမှာစကားပြောကြားသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာဌာနများက ပြန်လည်ထူထောင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများဖွဲ့စည်းရေး၊ မြေပြင်ကွင်းဆင်းကြည့်ရှုနိုင်ရေး၊ ကျေးရွာပြည်သူများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရေး စသည့်လုပ်ငန်းများအလိုက် လိုအပ်ချက်များကို အသေးစိတ် စီစဉ်ဆောင်ရွက်နိုင်ရေး အကြံပြုဆွေးနွေးကြသည်။

ထို့နောက် လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရက ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအနေဖြင့် ပူးပေါင်း၍ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ပြောကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မန္တလေးမြို့တွင် လေပြင်းတိုက် မိုးရွာသွန်းမှုကြောင့် မြို့တွင်းနေရာ ၇၀ ကျော် သစ်ပင်သစ်ကိုင်းများ ကျိုးကျမှုဖြစ်

**မန္တလေး မေ ၁၉**

မန္တလေးမြို့တွင် မေ ၁၈ ရက် ည ၇ နာရီခွဲဝန်းကျင်မှစတင်၍ လေပြင်းတိုက်ခတ်မှုနှင့်အတူ မိုးရွာသွန်းခဲ့ပြီး မြို့တွင်းနေရာ ၇၀ ကျော်တွင် သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်း၊ အချို့မှာ အမြစ်မှလဲပြိုခြင်း ဖြစ်ပွားခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ ရှင်းလင်းရေးလုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုနေ့ညက မန္တလေးမြို့ အနောက်မြောက်အရပ်မှ တစ်နာရီ ၂၅ မိုင်မှ မိုင် ၃၀ ခန့် လေပြင်းတိုက်ခတ်၊ မိုးကြိုးပစ်ခြင်း၊ မိုးထစ်ချုန်း ရွာသွန်းခြင်းများ ဖြစ်ပွားခဲ့သည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန (အထက် မြန်မာပြည်ဌာနခွဲ - မန္တလေး) ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။



အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ကျိုးကျနေသော သစ်ပင်သစ်ကိုင်းများ ရှင်းလင်းရေးကို ၎င်းနေ့ ည ၁၂ နာရီထိ လည်းကောင်း၊ မေ ၁၉ ရက် နံနက် ၆ နာရီမှစတင်၍ မွန်းလွဲပိုင်းအထိ လည်းကောင်း ဆက်လက်ရှင်းလင်းပေးကြောင်း သိရသည်။

"တစ်မြို့လုံးရဲ့ နေရာပေါင်း ၇၀ ကျော်မှာ ဖြစ်သွားတာပါ။ ဖြစ်တဲ့ ည ၁၂ နာရီအထိ ရှင်းလင်းရေး ဆောင်ရွက်တယ်။ အပင်ကြီးတွေနဲ့ လမ်းပိတ်ဆို့မှုဖြစ်တဲ့ အပင်တွေကို ဦးစားပေးရှင်းလင်းပြီး ဒီမနက် ၆ နာရီကစပြီး ကျန်တာတွေ ရှင်းလင်းရေး ဆက်လုပ်တယ်"ဟု တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ပြန်ကြားရေး တာဝန်ရှိသူက ပြောသည်။

မြန်မာနိုင်ငံအထက်ပိုင်း ဒေသများ၌ လေထုမတည်ငြိမ်မှု ညွှန်းကိန်းမြင့်တက်နေသောကြောင့် လာမည့် သုံးရက်မှ ငါးရက်အတွင်း မိုးတိမ်တောင်များ ဆက်လက်ဖြစ်ပေါ်နိုင်သည့်အခြေအနေရှိကြောင်း၊ မိမိဒေသအနီး မိုးခြိမ်းသံကြားပါက အားကောင်းသော မိုးတိမ်တောင်ကြီးတစ်ခု ဖြစ်ပေါ်နေပြီဟု သိနိုင်သဖြင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်နိုင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေကျနိုင်ခြင်း စသည်တို့ကို သတိပြုသင့်ကြောင်း မိုး/ဇလဌာနမှ ပြောကြားသည်။

မောင်အေးချမ်း

# ထိုင်းဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း ထိုင်းနှင့် အုပ်စုပထမပွဲ ယနေ့ကစားမည်

**ရန်ကုန် မေ ၁၉**

ထိုင်းဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် ထိုင်းဖိတ်ခေါ် NSDF Futsal Invitation Championship 2022 ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အုပ်စု ပထမပွဲအဖြစ် အိမ်ရှင် ထိုင်းလက်ရွေးစင်အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် မေ ၂၀ ရက်မှ ၂၆ ရက်အထိ ပြုလုပ်မည်ဖြစ်ပြီး အသင်း ငါးသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အိမ်ရှင် ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်း All Stars အသင်း၊ မြန်မာ့လက်ရွေးစင်အသင်း၊ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ဩစတြေးလျကလပ် South Perth အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ငါးသင်း ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ အုပ်စုပထမပွဲအဖြစ် မေ ၂၀ ရက်**(ယနေ့)** မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်း All Stars အသင်းနှင့် ဩစတြေးလျကလပ် South Perth အသင်း၊ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ထိုင်းလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို မေ ၂၀၊ ၂၁၊ ၂၃၊ ၂၄၊ ၂၆ ရက်တို့တွင် ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အခြားအုပ်စုပွဲများအဖြစ် မေ ၂၃ ရက်တွင် ထိုင်း All Stars အသင်း၊ မေ ၂၄ ရက်တွင် အင်ဒိုနီးရှား လက်ရွေးစင်အသင်း၊ မေ ၂၆ ရက်တွင် ဩစတြေးလျကလပ် South Perth အသင်းတို့နှင့် ထပ်မံယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သော သင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို ၁၈-၄-၂၀၂၂ရက် မှစ၍ ရုံးချိန်အတွင်းအစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့်အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)တို့တွင် ဝယ်ယူနိုင်ပြီး ၁၇-၅-၂၀၂၂ရက် ၊ ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍Tender ပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့ အရောက်ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၅၀၅၊ ၀၆၇-၃၄၀၄၃၈၉၊ ၀၆၇-၃၄၀၄၄၅၆(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၈၈၇၆၄၅၅၈၀ အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ ၀၉-၄၄၃၉၇၃၆၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၊ ၀၉-၇၇၆၆၈၀၂၃၈ အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)တို့သို့ဆက်သွယ်စုံစမ်းနိုင်ပြီး Websiteဖြစ်သော www. dtvet. gov.mmတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၉ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ ဘဏ္ဍာရေးဌာန၊ ရုံးချုပ်(နေပြည်တော်)တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၉၈,၀၀၀-၂,၀၀၀-၂၀၈,၀၀၀) စာရင်းစစ်(၃)ပစ္စည်းစာရင်း ရာထူး(၆)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာ လျှောက်ထားရန်ဖြစ်ပါသည်။

(ခ) လျှောက်လွှာပိတ်သည့် ၂၉-၄-၂၀၂၂ ရက်နေ့၌ အသက် (၂၇)နှစ်၊ (ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက် မကျော်လွန်သူ)ဖြစ်ရမည်။

(ဂ) စီးပွားရေးတက္ကသိုလ် (သို့) အဝေးသင်တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာ တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။

(ဃ) အင်္ဂလိပ်စာ၊ ကွန်ပျူတာ အခြေခံတတ်ကျွမ်းသူများကို ဦးစားပေးခန့်ထားပါမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာ ဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) (၁)လအတွင်း ရိုက်ကူးထားသော (၁" x ၁.၂၅")အရွယ် ကာလာဓာတ်ပုံ (၃)ပုံ၊ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့ရလက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာတတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထားမိတ္တူများ၊

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာမတင်မီရက်သတ္တနှစ်ပတ်အတွင်း ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသော လျှောက်လွှာများနှင့် သတ်မှတ်ရက် ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့် ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို (၂၉-၄-၂၀၂၂)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း မြန်မာ့မီးရထား၊ ရုံးချုပ်(နေပြည်တော်)၊ ဘဏ္ဍာရေးဌာနတွင် ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား (မူရင်း)၊ ပညာအရည်အချင်းနှင့် ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်အထောက်အထား (မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲ၊ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

(က) ၃-၅-၂၀၂၂ ရက်နေ့၊ နံနက် (၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ ရေးဖြေစာမေးပွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတမေးခွန်းလွှာ) အား ဖြေဆိုခြင်း။

(ခ) ၅-၅-၂၀၂၂ ရက်နေ့ (နေ့လယ်ပိုင်း) တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများ ပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအား ဌာနက တိုက်ရိုက် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား၊ (ရုံးချုပ်)နေပြည်တော်၊ တယ်လီဖုန်းနံပါတ် ၀၆၇-၇၇၀၃၈ ၊ ၀၆၇-၇၇၁၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ရေချွေတာရေး နည်းလမ်းများ

- ❄ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။
- ❄ ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။





**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2M/7626, Nissan March K13, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအောင်စိုး ၁၃/လရန(နိုင်) ၁၂၆၃၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

